# ကြေးမုံ
# The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ တနင်္လာနေ့၊ (11-1-2016) (၈၄၄၂)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ တက်ရောက်

**နေပြည်တော်　　ဇန်နဝါရီ　　၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မင်းနောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကရင်ပြည်နယ် ဘားအံမြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိရာ ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတဦးသိန်းစိန် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖိုးပူးယော်ကောက်သစ်စားပွဲတော်အထိမ်းအမှတ်အဖြစ် ကရင်ရိုးရာအစားအသောက်များ သုံးဆောင်စဉ်။ (သတင်းစဉ်)

မြို့တော်အသံလွှင့်ဌာန နှစ်ပတ်လည်နေ့ ကျင်းပ စာမျက်နှာ - ၃

ဆွာချောင်းအတွင်းမှ စစ်ကျန်ရထားတွဲ စင်းလုံးပေါ်ကာ ဘီးများပါမြင်တွေ့ရ စာမျက်နှာ - ၅

ဟောလိဝုဒ်ရဲ့ ဝင်ငွေအကောင်းဆုံးသော မင်းသား ဟယ်ရီဆင်ဖော့ဒ် စာမျက်နှာ - ၁၂




ကြေးမုံစာတည်းရှုထောင့် ၁၁-၁-၂၀၁၆၊ တနင်္လာနေ့

# မီးဘေးရှောင် မလောင်ခင်တား

"မီးဘေးရှောင် မလောင်ခင်တား" ဟူသော ဝေါဟာရကို အဆိုကျော် ဦးထွန်းရွှေသီဆိုခဲ့သည့် မြန်မာ့အသံမှ မီးသတိပေးဆော်ဩသည့် တေးသီချင်းမှတစ်ဆင့် ကြားသိလာခဲ့ရသည်။ မီးဘေးရှောင်လို့ မလောင်ခင် တားကြရမှာ ရန်သူထိုမီးကို မလောင်ခင်တားကြဖို့ တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

ထိုခေတ်ထိုကာလက ရန်ကုန်မြို့တွင် ကျူးကျော်နေအိမ်များနှင့် ဆင်ခြေဖုံးရပ်ကွက်များရှိပြီး ထင်းမီး၊ ရေနံဆီမီး စသည့်လောင်စာများမှ တစ်ဆင့် ဓနိမိုး၊ ထရံမိုးနေအိမ်များသို့ အလွယ်တကူ မီးကူးစက်လောင်ခဲ့ဖူးသည်။ ထို့ကြောင့် ရပ်ရွာများမီးဘေးမသင့်နိုင်အောင် အဆိုပါလောင်စာများအား တားဆီးကာကွယ်ကြဖို့ နှိုးဆော်အသိပေးထားခြင်းဖြစ်သည်။

ယနေ့ခေတ်ကာလတွင် မီးလောင်လွယ်သော ထိုလောင်စာများကို အသုံးမပြုကြတော့ပါ။ တိုးတက်လာသော ခေတ်ကာလနှင့်အတူဖြစ်ထွန်းလာသည့် လျှပ်စစ်မီး၊ ဂက်စ်မီးများကို အလွယ်တကူအသုံးပြုလာကြပါသည်။ ထိုလောင်စာများကို ပေါ့ပေါ့ဆဆအသုံးပြုလာကြသောကြောင့် ယနေ့ခေတ်မီးလောင်မှုများတွင် အဓိကလောင်စာများ ဖြစ်လာပါသည်။

ယခုနှစ်အဖို့ ပွင့်လင်းရာသီရောက်လာသည်နှင့် နိုင်ငံတစ်ဝန်းတွင် မီးလောင်မှုများ မကြာခဏဖြစ်ပွားလာသည်ကိုတွေ့ရသည်။ ဖြစ်ပွားရသည့် အကြောင်းအရင်းများတွင် အဆိုပါ လောင်စာများကြောင့်ပင် အများဆုံး မီးလောင်သည်ကို တွေ့ရသည်။ ထို့ကြောင့် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် မီးလောင်နိုင်သော အဆိုပါလောင်စာများကို စည်းကမ်းတကျအသုံးမပြုပါက ဟန့်တားကြရမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်က ရန်ကုန်မြို့ မင်္ဂလာဈေးလေးထပ်ရှိ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းအလွှာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အပေါ်ငါးထပ်ရှိ ဆိုင်အလွှာများပါ မီးကူးစက်လောင်ကျွမ်းခဲ့ရာ မီးလောင်ရာလေပင့်သည့်အပြင် မီးလောင်မှုကိုအားပေးသောလောင်စာများကြောင့် မီးလောင်မှုအဆင့် (၅) ဖြင့် အချိန်ကြာမြင့်စွာ မီးငြိမ်းသတ်ခဲ့ရသည်။

၂၀၁၀ ခုနှစ်ကလည်း အဆိုပါမင်္ဂလာဈေးတွင် ဝါယာရှော့ခ်ဖြစ်မှုကြောင့် မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ရပြီးနောက် ငါးနှစ်ကျော်အကြာတွင် ထပ်မံ၍ ကြီးမားစွာလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ယခုမီးလောင်မှု၏ အကြောင်းအရင်းကို မသိရှိရသေးသော်လည်း မီးလောင်မှုကိုအားပေးနိုင်သော ပစ္စည်းများ၊ ဂက်စ်အိုးများက မီးလောင်မှုကို ကြီးထွားစေသည်။

ထို့ကြောင့် မီးမလောင်ရန်အတွက် ဦးစွာတားကြရမည်မှာ မီးလောင်မှုကို စတင်ဖြစ်စေနိုင်သော ပေါ့ဆမှုအမျိုးမျိုးနှင့် ဒုတိယတားကြရမည့်အချက်များမှာ မီးလောင်မှုကို အားပေးစေသောပစ္စည်းများရှိပါက စနစ်တကျထားရှိရေးနှင့် သတ်မှတ်ထားသောနေရာတွင်ထားရှိရေးတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။ အကယ်၍ မပြုလုပ်ပါကလည်း သက်ဆိုင်ရာက တားမြစ်ကြရမည်ဖြစ်သည်။ သို့မှသာ မီးလောင်မှုမှ ကင်းဝေးမည်ဖြစ်သည်။

အဆိုကျော်ဦးထွန်းရွှေ သီဆိုခဲ့သော မီးဘေးအန္တရာယ်သတိပေးတေးသီချင်းတွင် မလောင်ခင်တားရမည့်အချက်မှာ ထိုအချက်များဖြစ်သည်။ သို့သော် မတားနိုင်ခဲ့ကြသဖြင့် ယခုကဲ့သို့ မီးလောင်မှုကြီးကြီးမားမား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရာသီကာလအရ ရှေ့အဖို့တွင်လည်း ခြောက်သွေ့ရာသီဖြစ်သောကြောင့် မီးဘေးအန္တရာယ်ကို စိုးရိမ်နေရဦးမည်ဖြစ်သည်။

လူဦးရေထူထပ်သော၊ ကုန်ပစ္စည်းပေါများသော နေရာများတွင် မီးလောင်မှုကိုဖြစ်စေသောအရာများကို ကိုင်တွယ်အသုံးပြုသူများက စည်းကမ်းတကျ အသုံးပြုသင့်သည်။ မီးလောင်မှုကို ဖြစ်စေနိုင်သော၊ အားပေးနိုင်သော ပစ္စည်းများရှိပါကလည်း စနစ်တကျထားရှိခြင်း၊ သတ်မှတ်သောနေရာတွင် ထားရှိခြင်းများ ပြုလုပ်ကြရမည်ဖြစ်သလို မကြာမကြာလည်း စစ်ဆေးပေးကြရမည်ဖြစ်သည်။

သို့မှလည်း မီးဘေးအန္တရာယ်ကင်းဝေးမည်ဖြစ်သည်။ မီးဘေးအန္တရာယ်ကင်းဝေးအောင်လည်း မလောင်ခင်တားကြရမည်ဖြစ်သည်။ လူတိုင်း လူတိုင်း မီးသတိပြုရမည်ဖြစ်သည်။ အသက်၊ အိုးအိမ်၊ စည်းစိမ်များ မဆုံးရှုံးအောင် ကာကွယ်ကြရမည်ဖြစ်သည်။ ။



# မြင်စိုင်းမြို့ဟောင်းတွင် နန်းဦးစေတီကျောက်စာနှင့်အတူ ရှေးဟောင်းစေတီများစွာကို ယနေ့တိုင်လေ့လာဖူးမြော်နိုင်

**ကျောက်ဆည် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်းတွင် စိတ်ဝင်စားဖွယ်ရာ မြို့ဟောင်းနေရာများစွာ ရှိသည်။ ထင်ရှားသည့် မြို့ဟောင်းများမှာ အင်းဝမြို့ဟောင်း၊ ပင်းယမြို့ဟောင်း၊ မက္ခရာမြို့ဟောင်းတို့ဖြစ်သည်။ ထိုမြို့ဟောင်းနေရာများတွင် နန်းဦးစေတီနှင့် အခြားစေတီကျောက်စာ အထောက်အထားများ ရှိသည်။ မြို့ဟောင်းများတွင် ထင်ရှားပြီး လူသိများသည့် မြို့ဟောင်းတစ်ခုမှာ မြင်စိုင်းရွှေပြည်ဟု တင်စားဖွဲ့ဆိုခဲ့သည့် မြင်စိုင်းမြို့ဟောင်းပင် ဖြစ်သည်။

မြင်စိုင်းမြို့သည် ပုဂံခေတ်နှောင်းတွင် တည်ထောင်ခဲ့သည်ဟု သိရသည်။ မြင်စိုင်းနှင့်အတူ မက္ခရာမြို့ဟောင်း၊ ပင်လယ်မြို့တို့နှင့် ဆက်စပ်ကာ စိတ်ဝင်စားဖွယ်ဇာတ်လမ်းများ ရှိခဲ့သည်။ မြန်မာရာဇဝင်အရ ပြော့ရှမ်းလူမျိုး အသခ်ဗိုလ်သည် မြင်စိုင်းအရပ်သို့ ရောက်ရှိလာပြီး မြန်မာအသည်သူကြီး၏ သမီးနှင့် လက်ဆက်ကာ သားသုံးယောက်၊ သမီးတစ်ဦးထွန်းကားခဲ့သည်။ သားများ အရွယ်ရောက်သည့်အခါတွင် ပုဂံပြည့်ရှင် နရပတိမင်းထံ ဆက်သခဲ့သည်။

နရပတိမင်းလက်ထက်တွင် ပုဂံပြည်သို့ တာတာတပ်များ တိုက်ခိုက်စဉ် သူတလူငါတစ်မင်းနှင့် ပုဂံပြည်ပြိုကွဲခဲ့သည့်အတွက် အသခ်ယာသည် မြင်စိုင်း(ကျောက်ဆည်ဒေသ)၊ ညီလတ်ရာဇသင်္ကြန်သည် မက္ခယာ (စဉ့်ကိုင်ဒေသ) ညီအငယ်ဆုံးသီဟသူသည် ပင်လယ် (မြစ်သားနယ်)တို့တွင် အသီးသီး ထီးပြိုင်နန်းပြိုင်စိုးစံပြီး ညီညွတ်စွာဖြင့် တာတာတို့ကို တိုက်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် မြင်စိုင်းရွှေပြည်ဟု တင်စားထားသော မြင်စိုင်းနန်းဦးစေတီနှင့်အတူ ကျောက်စာနှစ်ချပ်ကို လေ့လာနိုင်သည်။ ကျောက်စာတစ်ချပ်မှာ သက္ကရာဇ် ၆၆၁ ထိုးကျောက်စာဖြစ်ပြီး ကျန်ကျောက်စာတစ်ချပ်မှာ သက္ကရာဇ် ၆၉၁ ထိုးနန်းဦးစေတီကျောက်စာပင်ဖြစ်သည်။ ကျောက်စာမှတ်တမ်းအရ မူလအသခ်ယာကောင်းမှု မြင်စိုင်းနန်းဦးစေတီကို သက္ကရာဇ် ၆၉၁ တွင် ဥဇနာမင်းကြီးက မူလစေတီကိုငုံပြီး ဉာဏ်တော် ၁၀၃ တောင်အထိ မြှင့်တင်တည်ခဲ့ကြောင်း သိရသည်။

ယခုအခါ မူလကျောက်စာများကို စနစ်တကျ ကျောက်စာတိုက်ဖြင့် ထားရှိပြီး နှောင်းလူတို့ အလွယ်တကူ လေ့လာနိုင်ရန် ခေတ်စာလုံးပေါင်းဖြင့် ကျောက်စာကို ဘာသာပြန်ပေးထားသည်။ မြင်စိုင်းမြို့ဟောင်းတွင် မြို့ရိုး၊ စေတီဟောင်းများစွာနှင့်အတူ တောင်ထွတ်ဖျားဆီ ရွှေစာတီဟု ဖွဲ့ဆိုခဲ့သော စေတီတို့ကို ယနေ့တိုင် လေ့လာဖူးမြော်နိုင်ကြောင်း သိရသည်။ **(တိမ်တမန်)**

# ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက်ရောက်မည့် မုံရွာကွန်ပျူတာတက္ကသိုလ် မောင်မယ် ၃၀၀ ကို ကြိုဆို

**မုံရွာ ဇန်နဝါရီ ၁၀**

ကွန်ပျူတာသိပ္ပံ (CS)နှင့် ကွန်ပျူတာနည်းပညာ (CT) ကျောင်းသား ကျောင်းသူ ၁၁၅၀ သင်ကြားလျက်ရှိသည့် မုံရွာကွန်ပျူတာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာတွင် မုံရွာကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ကျေးလက်ဒေသအလှများ၊ ရိုးရာယဉ်ကျေးမှုများ၊ သရုပ်ဖော်ကကွက်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တိုင်းရင်းသားရိုးရာ အကအလှတို့ဖြင့် မြန်မာဆန်ဆန် ကပြဖျော်ဖြေခဲ့သည်။

အစိုးရကွန်ပျူတာကောလိပ်(မုံရွာ)ကို ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၁ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ကွန်ပျူတာကောလိပ်(မုံရွာ)၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ကွန်ပျူတာတက္ကသိုလ် (မုံရွာ)တွင် ပရိဂရမ် နည်းပညာဘာသာရပ်၊ စက်နည်းပညာဘာသာရပ်၊ အသုံးချနည်းပညာဘာသာရပ်၊ သုတသိပ္ပံဘာသာရပ်တို့ကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မုံရွာကွန်ပျူတာ တက္ကသိုလ်၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ၈၇၄ ဦး၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ၈၇၇ဦး၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ၉၅၂ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၁၀၆၅ ဦးနှင့်၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၁၁၅၀ ပညာသင်ကြားလျက်ရှိရာ ယခုနှစ် တက္ကသိုလ်ပထမနှစ်တက်မည့် ကျောင်းသား ကျောင်းသူ ၃၀၀ ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဆူးလေစေတီတော်၌ အသံမစဲ အဘိဓမ္မာ ၇ ကျမ်းရွတ်ဖတ်ပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး၏ (၁၀၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် အသံမစဲအဘိဓမ္မာ ၇ ကျမ်းရွတ်ဖတ်ပူဇော်ပွဲကို ပြာသိုလဆန်း ၆ ရက်(ဇန်နဝါရီ ၁၅ ရက်၊ သောကြာနေ့) မှ ပြာသိုလဆန်း ၁၄ ရက် (ဇန်နဝါရီ ၂၃ ရက်၊ စနေနေ့) ထိ ကျင်းပမည်ဖြစ်သည်။

ပြာသိုလဆန်း ၁၁ ရက် (ဇန်နဝါရီ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး အောင်ပွဲအခမ်းအနားအဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပြာသိုလပြည့် (ဇန်နဝါရီ ၂၄ ရက်၊ တနင်္ဂနွေနေ့) ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ကိုချစ်)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့



# ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ စုံညီစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရေးအတွက် နောက်ဆုံးအကြိမ်ကျင်းပသည့် စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ*(UPDJC)*၏ စုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ *Horizon Lake Views Resort* ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ*(UPDJC)*အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေးအတွက် လိုအပ်သည့်အချက်များအား အသေးစိတ်ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြို့တော်အသံလွှင့်ဌာန နှစ်ပတ်လည်နေ့ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်အသံလွှင့်ဌာန(CITY FM)၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၉ ရက် ည ၇ နာရီခွဲက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ(MCC)၌ ကျင်းပရာ ၂၀၁၅ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး မြန်မာသံစဉ်တေးစီးရီးဆု၊ စတီရီယိုတေးစီးရီးဆုနှင့် ရေပန်းအစားဆုံးပရိသတ်တေးသီချင်းတောင်းဆိုမှုအများဆုံးဆုရရှိသူများကို ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က တက်ရောက်၍ (CITY FM)၏ ရွှေစင်ရုပ်တုများကို တစ်ဦးချင်းစီ ချီးမြှင့်ပေးသည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၁၅ ခုနှစ် ကြော်ငြာအများဆုံးထည့်သွင်းသည့် ကြော်ငြာလုပ်ငန်းအေဂျင်စီ Galanz Cosmetic နှင့် စီးပွားရေးလုပ်ငန်းရှင် Sound Impact တို့အား ဂုဏ်ပြုဆုများချီးမြှင့်ပေးပြီး ရွှေနေခြည်ကုမ္ပဏီက ရွှေပြားများ ထပ်မံချီးမြှင့်ပေးသည်။

ထို့နောက် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တေးဂီတဆုရသူ အနုပညာရှင်များဖြစ်ကြသော ၂၀၁၅ ခုနှစ် ရောင်းအားအကောင်းဆုံး မြန်မာအသံတေးစီးရီးသီဆိုသူ အမျိုးသမီးတေးသံရှင်ဆုရ မေသက်ထားဆွေ၊ အမျိုးသားတေးသံရှင်ဆုရ ဝိုင်းလမင်းအောင်နှင့် မြန်မာသံတေးစီးရီးထုတ်လုပ်ဆု TNW တေးထုတ်လုပ်သူတို့အား လည်းကောင်း၊ ရောင်းအားအကောင်းဆုံး စတီရီယိုတေးစီးရီးသီဆိုသူ အမျိုးသမီးတေးသံရှင် နီနီခင်ဇော်၊ အမျိုးသားတေးသံရှင် ဝေလနှင့် စတီရီယိုတေးစီးရီးထုတ်လုပ်သူဆု H&M တေးထုတ်လုပ်ရေးတို့အား လည်းကောင်း၊ ရေပန်းအစားဆုံးနှင့် ပရိသတ်တောင်းဆိုမှုအများဆုံးဆု တေးသံရှင် နီနီခင်ဇော်နှင့် အမျိုးသားတေးသံရှင် ရဲရင့်အောင်တို့အား လည်းကောင်း ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က CITY FM ၏ ရွှေစင်ရုပ်တုကို တစ်ဦးချင်းစီ ဂုဏ်ပြုပေးအပ်ချီးမြှင့်ပြီး ရွှေနေခြည်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုဇေယျာဖြိုးတို့က ထပ်မံ၍ ရွှေပြားများဖြင့် ဂုဏ်ပြုပေးအပ်ချီးမြှင့်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(သတင်းနှင့်ဓာတ်ပုံ-စောသိန်းဝင်း)**



**✱ အင်းလေးကန်မှ**

ဆောင်ရွက်လိုက်တဲ့အတွက် မူလကရေကျဆင်းမှုဟာ ၁၀ ရက်မှာ ရှစ်လက်မကျဆင်းနေပြီး ယခုလို ရေထွက်ပေါက်ကျဉ်းပြီးတဲ့အချိန် ၁၀ ရက်မှာ လေးလက်မသာ ကျဆင်းတော့တာကို တွေ့ရပါတယ်” ဟု ဆည်မြောင်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းဌေးက ပြောသည်။

“အင်းလေးကန်အတွင်း ရေကျဆင်းမှု သက်သာအောင် ဆောင်ရွက်ပေးတဲ့နေရာမှာ အခက်အခဲတွေ အများကြီးရှိတဲ့ အခြေအနေမှ အကောင်းဆုံး၊ အဆင်ပြေဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နဲ့ ပတ်ဝန်းကျင်အနေအထား အဘက်ဘက်က ယိုယွင်းပျက်စီးလာမှုတွေကြောင့် မိုးရွာသွန်းမှုနည်းပါးပြီး ရေဝင်ရောက်မှု နည်းပါးခြင်း၊ ရေတိုက်စားမှုများပြားပြီး နုန်းပို့ချမှုများလာခြင်းကြောင့် ကန်အတွင်းရေဝင်ရောက်မှုဟာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာတဲ့ အနေအထားဖြစ်ပါတယ်။ နောက်ပြီး အင်းလေးကန်ဟာ ဒယ်အိုးကြီးနဲ့ သဏ္ဍာန်တူပါတယ်။ မိုးရာသီရေများတဲ့အချိန်မှာ ဒယ်အိုးကြီးပြည့်သလို အင်းလေးကန်အစပ်ထိ ရေတွေရောက်ပြီး ကန်အစပ်က ရွာတွေအထိ ရေလမ်းတွေနဲ့ သွားလာလို့ အဆင်ပြေပါတယ်။ ရေနည်းလာတဲ့အချိန်မှာတော့ ဒယ်အိုးနှုတ်ခမ်းအထိ ရေမရှိတော့သလို ကန်အစပ်အထိ ရေမရောက်တော့ဘဲ ကန်အစပ်ကရွာတွေနဲ့ အချို့သောရေလမ်းကြောင်းတွေဟာ သွားလာလို့ရတော့မှာ မဟုတ်ဘဲ အဓိကရေလမ်းကြောင်းတွေကတော့ သွားလာလို့ရပါတယ်။ ကန်အတွင်းမှာတော့ ရေက အမြဲတမ်းရှိနေမှာဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို အင်းလေးကန်အတွင်း၌သာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ကန်အတွင်းစီးဝင်သည့်ချောင်းများတွင် ကန်အတွင်းနုန်းပို့ချမှု သက်သာစေရန် နုန်းဖမ်းဆည်များ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး နုန်းထိန်းတမံများ ပြုပြင်ထိန်းသိမ်းခြင်း၊ နှစ်စဉ် ဝင်ရောက်လာသည့် နုန်းများဖယ်ရှားရှင်းလင်းခြင်းစသည့် နည်းလမ်းများနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“နွေရာသီရေနည်းလာချိန်မှာ ကန်အစပ်က အချို့ရေလမ်းကြောင်းတွေ သွားလာလို့မရတာကို အင်းလေးကန်ထဲမှာ ရေခန်းခြောက်နေပြီဆိုပြီး ကောလာဟလသတင်းတွေထွက်နေတာတွေ တွေ့ရပါတယ်။ အဓိကရေလမ်းကြောင်းဖြစ်တဲ့ ညောင်ရွှေမြို့ကနေ ဖောင်တော်ဦးဘုရားသွားသည့် ရေလမ်းကြောင်း၊ အလိုတော်ပေါက်ဘုရားရေလမ်းကြောင်းတွေကတော့ ရာသီမရွေးသွားလာနိုင်ပါတယ်။ သွားလာလို့ရအောင်လည်း အဓိကထားပြီး ဆောင်ရွက်ပေးထားပါတယ်။ အင်းလေးကန်အတွင်းမှာလည်း ရေအမြဲတမ်းရှိနေပါတယ်။ နောက်ထူးခြားချက်က အင်းလေးကန်ဟာ ရေကို လိုသလောက်ထိန်းထားပြီး ပိတ်လှောင်ထားလို့ရတဲ့ကန်မဟုတ်ပါဘူး။ သဘာဝရေကန်တစ်ခုဖြစ်ပြီး ဒီကန်ထဲက စီးဆင်းသွားတဲ့ရေနဲ့ လောပိတရေအားလျှပ်စစ်စက်ရုံ လည်ပတ်ပြီး လျှပ်စစ်ပေးဝေတာတွေ၊ လောပိတနဲ့ အင်းလေးကန်ကြားမှာရှိတဲ့ ကျေးရွာနေပြည်သူတွေရဲ့ စိုက်ပျိုးရေး၊ သုံးစွဲရေးတို့အတွက် လိုအပ်ချက်တွေအပြင် ကန်အတွင်းနဲ့ ကန်အပြင်က ပြည်သူတွေရဲ့ သွားလာရေးအတွက်ပါ ထည့်သွင်းစဉ်းစားပြီး အချိုးညီညီ ထိန်းသိမ်းဆောင်ရွက်ပေးရတဲ့ လုပ်ငန်းဖြစ်ပါတယ်”ဟု ၎င်းက ရှင်းပြသည်။

ရေကတော့ အနည်းငယ် ကျဆင်းသွားပါတယ်။ ဒါပေမယ့် စက်လှေတွေက မောင်းလို့၊ သွားလာလို့ ရနေပါသေးတယ်။ ရွာမရေလမ်းကြောင်း၊ ဖောင်တော်ဦးဘုရားရင်ပြင်ရှေ့အထိ၊ အလိုတော်ပေါက်ဘုရားရေလမ်းကြောင်း၊ ငါးဖယ်ချောင်း ရေလမ်းကြောင်း၊ အင်းပေါ်ခုံရွာရေလမ်းကြောင်းတွေမှာလည်း ဧည့်သည်စက်လှေတွေ သွားလာမောင်းနှင်နေပြီး ဧည့်သည်တွေလည်း နေ့စဉ်လာရောက်လည်ပတ်လျက်ရှိပါတယ်”ဟု စက်လှေမောင်းနှင်သူ ကိုအောင်မိုးဝင်းက ပြောသည်။

ကန်အတွင်း အဓိကစီးဝင်သည့် ချောင်းကြီးများဖြစ်သည့် ဘီလူးချောင်း၊ ကလောချောင်း၊ နမ့်ကတ်ချောင်း၊ နယ်ခြားချောင်းတို့တွင် ရေစီးဝင်မှုများ ရှိနေကြောင်း၊ ရေအနက်မှာ ရေလယ်ဗိုလ်တဲဝန်းကျင်တွင် ၁၀ပေခန့်၊ ဖောင်တော်ဦးဘုရားရှေ့ ရေလမ်းကြောင်းတွင် လေးပေခန့်ရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**❖ လျှပ်စစ်ရထားမှ**

သက်သောင့်သက်သာနဲ့ အဆင်ပြေတယ်။ ကိုယ်သွားချင်တဲ့ခရီးကို အချိန်တိုအတွင်းမှာ အဆင်ပြေပြေသွားနိုင်တဲ့အပြင် ကားလမ်းပိတ်မှုလည်း မပူရတော့ဘူး” ဟု ပြောသည်။

ရန်ကုန်မြို့တွင်း မြို့ပတ်ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ပုဇွန်တောင်နှင့် ထော်လီကွေ့ကြား ကမ်းနားလမ်းပိုင်းတွင် RBE လူစီးရထားကို စတင်ပြေးဆွဲပေးခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်တွင် ကမ်းနားလမ်းတစ်လျှောက် TRAM လျှပ်စစ်ရထားပြေးဆွဲခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ရထားစီးခရီးသည်များ ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် မော်တင်၊ ကီလီ၊ စဉ့်အိုးတန်းနှင့် ပန်းဆိုးတန်းနေရာများတွင် လူကူးမျဉ်းဝါများဆောင်ရွက်ပေးထားကြောင်း၊ နောက်ပိုင်းတွင် မီးပွိုင့်တပ်ဆင်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တင်ပြထားပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား(အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

“ရထားလမ်းပြေးဆွဲတဲ့နေရာက လူနေထိုင်တဲ့ ရပ်ကွက်နဲ့ဆိုရင် ပြောင်းပြန်ဘက်ခြမ်းမှာရှိနေတယ်။ ကြားမှာကားပြေးတဲ့ လမ်းမကြီးနှစ်ခုကလည်းရှိနေတော့ ရထားကိုလာစီးရင် ဒီလမ်းနှစ်ခုကိုဖြတ်ကျော်ပြီး လာရမှာဖြစ်တဲ့အတွက် အန္တရာယ်ရှိတယ်လို့ယူဆရတယ်။ ဂျပန်ကို နမူနာယူမယ်ဆိုရင်တော့ ဘူတာတွေရှိတဲ့နေရာတွေမှာ မီးပွိုင့်တွေ တပ်ဆင်ပေးတာမျိုးလုပ်ပေးရမယ်။ ဒါမှ ရထားစီးခရီးသည်တွေအတွက် အန္တရာယ်ကင်းပြီး အဆင်ပြေမယ်” ဟု JIC ကုမ္ပဏီမှ ဂျပန်နိုင်ငံသား မစ္စတာ အန်နိုမိုတိုက သုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် လျှပ်စစ်ရထားပြေးဆွဲခြင်းကို ဝါးတန်းဘူတာမှ လင်းစဒေါင်းဘူတာထိ ပြေးဆွဲသွားမည်ဖြစ်ပြီး တစ်နေ့လျှင် ခရီးစဉ် ခြောက်ခေါက်နှုန်းဖြင့် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီထိ ပြေးဆွဲသွားမည်ဖြစ်ကာ လက်မှတ်ခနှုန်းထားမှာ တစ်စောင်လျှင် ငွေကျပ် ၁၀၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

# *MNL* အမှတ်ပေးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

၂၀၁၆ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(တောင်ကြီးကွင်း)**

ရှမ်းယူနိုက်တက် - ဂိုးမရှိ
ဟံသာဝတီ - ဂိုးမရှိ

နာမည်ကြီးရှမ်းယူနိုက်တက်အသင်း အဖွင့်ပွဲစဉ်တွင် ရှုံးကန်ခဲ့ရပြီး သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဟံသာဝတီအသင်းမှာ အဝေးကွင်းတွင် ခပ်မာမာတုံ့ပြန်ကစားခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း အခက်တွေ့ခဲ့ရပြီး ဂိုးသမားသီဟစည်သူလက်စွမ်းပြနိုင်ခဲ့၍သာ အမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းမှာ ဝင်းမင်းထွဋ်၊ သီဟစည်သူ၊ စိုးမင်းဦး၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်တို့အပါအဝင် နိုင်ငံခြားသား ကစားသမားသုံးဦးဖြင့် ပွဲထွက်လာပြီး ဟံသာဝတီအသင်းမှာလည်း နိုင်ငံခြားသားကစားသမားများ အပါအဝင် မောင်မောင်လွင်၊ အောင်ဇော်တို့ဖြင့် လူစုံခဲ့သည်။ ဟံသာဝတီအသင်းမှာ အဝေးကွင်းဖြစ်သော်လည်း အိမ်ရှင်ရှမ်းယူနိုက်တက်အသင်းကို ခပ်မာမာတုံ့ပြန်ကစားနိုင်ခဲ့သည်။ နှစ်သင်းစလုံးရရှိသည့် ဂိုးသွင်းခွင့်အချို့ကို အသုံးမချနိုင်၍ ဂိုးမရှိသရေပွဲဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

YUSC ကွင်း၌ ကစားသောပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ အိမ်ကွင်း၌ မကွေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ၁၀ မိနစ်တွင် မောင်မောင်စိုး၊ ၂၁ မိနစ်တွင် ခိုင်ထူးတို့က မကွေးအတွက်ဂိုးများ စတင်သွင်းယူခဲ့ပြီး ရန်ကုန်အတွက် ချေပဂိုးတစ်ဂိုးကို ၂၇ မိနစ်တွင် ဒေးဗစ်ဒန်းက သွင်းယူခဲ့သည်။ ရတနာပုံအသင်းမှာလည်း အိမ်ကွင်း ဗထူးကွင်းတွင် နောက်မှလိုက်ကစားပြီး ဧရာဝတီကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ခရစ္စတိုဖာက ဧရာဝတီအတွက် ဂိုးစတင်သွင်းခဲ့သော်လည်း ရတနာပုံအတွက် ဝင်းနိုင်စိုးက ချေပဂိုးနှင့် လှိုင်းဘိုဘိုက အနိုင်ဂိုးတို့ သွင်းယူခဲ့သည်။ ရာသီကြိုပြင်ဆင်မှုများစွာပြုလုပ်နေသည့် ဇွဲကပင်အသင်းမှာ ကလစ်ဖို့ဒ်၊ အောင်မိုးနှင့် ကင်မ်တို့ သွင်းယူသောဂိုးများဖြင့် ချင်းယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**(ရှိုင်းထက်ဇော်)**

နိုင်ငံတကာ

# မြောက်ကိုရီးယား နျူစမ်းသပ်မှုပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယားဝေဟင်အတွင်း အမေရိကန်ဗုံးကြဲလေယာဉ် အင်အားပြ



**ဆိုးလ် ဇန်နဝါရီ ၁၀**

အမေရိကန်ပြည်ထောင်စုသည် ယင်း၏မဟာမိတ် တောင်ကိုရီးယားနိုင်ငံ၏ ဝေဟင်အတွင်း ဘီ-၅၂ ဗုံးကြဲလေယာဉ်တစ်စင်းကို အနိမ့်ပျံသန်းမှုခရီးစဉ်ဖြင့် ပျံသန်းစေကာ အင်အားပြသခဲ့ကြောင်း၊ မြောက်ကိုရီးယားက ပြီးခဲ့သည့်ရက်သတ္တပတ်က နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက် စစ်အင်အားပြသခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့သည့်စမ်းသပ်မှုမှာ ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှုဖြစ်ပြီး နျူကလီးယားစစ်ပွဲ ဆင်နွှဲရန် အမေရိကန်၏ခြိမ်းခြောက်မှုကို တန်ပြန်နိုင်ရေးအတွက် မိမိကိုယ်မိမိ ကာကွယ်မှုဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားသည်။

မြောက်ကိုရီးယားက စတုတ္ထမြောက် နျူကလီးယားစမ်းသပ်မှုပြုလုပ်ခြင်းကြောင့် ယင်း၏ မဟာမိတ် တရုတ်နိုင်ငံအပြင် အမေရိကန်ပြည်ထောင်စုပါ ဒေါသအမျက်ထွက်ခဲ့ရသည်။

ဂူအမ်ကျွန်းအခြေစိုက် အမေရိကန် ဘီ-၅၂ ဗုံးကြဲလေယာဉ်ကြီးသည် နျူကလီးယား လက်နက်သယ်ဆောင်နိုင်စွမ်းရှိသည်။ ဒေသစံတော်ချိန် မွန်းတည့်ချိန်တွင် တောင်ကိုရီးယား အိုဆန်လေတပ်စခန်း၏ ဝေဟင်အတွင်း အနိမ့်ပျံသန်းခဲ့သည်ကို တွေ့မြင်ခဲ့ကြရသည်။

အဆိုပါ ဗုံးကြဲလေယာဉ်ကို အမေရိကန်နှင့် တောင်ကိုရီးယားတိုက်လေယာဉ်နှစ်စင်းက ခြံရံလိုက်ပါလာခဲ့သည်။

တောင်ကိုရီးယားလေတပ်စခန်း၏ ဝေဟင်အထက်တွင် အနိမ့်ဝဲပျံနေခဲ့ပြီးနောက် ဂူအမ်ကျွန်းသို့ ပြန်လည်ထွက်ခွာသွားကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**



# ပင်လယ်ကွေ့နိုင်ငံများက အီရန်နိုင်ငံကို ဆန့်ကျင်ရှုတ်ချ

**ရီယတ် ဇန်နဝါရီ ၁၀**

ပင်လယ်ကွေ့ ခြောက်နိုင်ငံက အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကြား ဖြစ်ပွားသည့် တင်းမာမှုပြဿနာနှင့် ပတ်သက်၍ အီရန်နိုင်ငံကို ဆန့်ကျင်ရှုတ်ချခဲ့ကြသည်။

ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်ရီယတ်တွင် ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် အီရန်နိုင်ငံရှိ ဆော်ဒီအာရေဗျသံရုံး တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ဆန့်ကျင်ရှုတ်ချကြောင်း ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။

သံရုံးတိုက်ခိုက်ခံရမှုကြောင့် ဆော်ဒီအာရေဗျနိုင်ငံက အီရန်နိုင်ငံနှင့် သံတမန်ဆက်သွယ်မှုဖြတ်တောက်ခဲ့သည်။ ဆွန်နီလွှမ်းမိုးအုပ်ချုပ်သည့် ဆော်ဒီအာရေဗျနိုင်ငံက ရှီးယိုက်ဘာသာရေးခေါင်းဆောင်တစ်ဦးကို ကွပ်မျက်မှုအတွက် မကျေနပ်သည့် အီရန်နိုင်ငံသားများက ဆော်ဒီသံရုံးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဆွန်နီအများစုလွှမ်းမိုးသည့် ပင်လယ်ကွေ့ခြောက်နိုင်ငံအနက် ဘာရိန်းနိုင်ငံက အီရန်နိုင်ငံနှင့် သံတမန်ဆက်သွယ်မှုဖြတ်တောက်ခဲ့သည်။ ယူအေအီး၊ ကာတာ၊ ကူဝိတ်နိုင်ငံတို့ကလည်း အီရန်နိုင်ငံရှိ ၎င်းတို့၏ သံအမတ်ကြီးများကို ပြန်လည်ခေါ်ယူခဲ့ကြသည်။ အိုမန်နိုင်ငံကလည်း အီရန်နိုင်ငံကို ဆန့်ကျင်ရှုတ်ချခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး အဒယ် အယ်လ်ဂျူဘီယာသည် အီဂျစ်၊ ဂျော်ဒန်နှင့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးများကို သီးခြားစီတွေ့ဆုံပြီး ဆော်ဒီအာရေဗျနိုင်ငံကိုထောက်ခံရန် စည်းရုံးခဲ့သည်။ အာရပ်အဖွဲ့ချုပ်ကလည်း ဆော်ဒီ-အီရန် တင်းမာမှုပြဿနာနှင့်ပတ်သက်၍ အရေးပေါ်အစည်းအဝေးကျင်းပရန် စီစဉ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် ဆီးရီးယားအစိုးရ အဆင်သင့်ရှိ

**ဒမတ်စကတ် ဇန်နဝါရီ ၁၀**

ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက ဆီးရီးယားအစိုးရအနေဖြင့် ယခုလနှောင်းပိုင်းတွင် ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးရန် အဆင်သင့်ရှိကြောင်း၊ သို့သော် အတိုက်အခံဘက်က မည်သည့်အဖွဲ့အစည်းများ တက်ရောက်မည်ကို မိမိသိလိုကြောင်း ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီး ဝါလိဒ် အယ်လ် မော်အလမ်သည် ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် စတက်ဖန် ဒီ မစ်တာရာနှင့် ဇန်နဝါရီ ၉ ရက်တွင် ဒမတ်စကတ်မြို့တော်၌ တွေ့ဆုံခဲ့သည်။ မော်အလမ်က ၎င်း၏ အစိုးရသည် ဂျီနီဗာတွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်ရန် အဆင်သင့်ရှိနေသကဲ့သို့ ဆန့်ကျင်ဘက်အတိုက်အခံအုပ်စုများမှ တက်ရောက်မည့်အဖွဲ့အစည်းများကိုလည်း သိလိုကြောင်း ဒေသခံသတင်းမီဒီယာများက ရေးသားဖော်ပြသည်။

အဆိုပါငြိမ်းချမ်းရေးဆွေးနွေးပွဲ ရပ်ဆိုင်းထားသည်မှာ နှစ်နှစ်ရှိပြီဖြစ်သည်။ လေ့လာသုံးသပ်သူများက အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကြားဖြစ်ပွားနေသော တင်းမာမှုသည် ယခုဆွေးနွေးပွဲအပေါ် သက်ရောက်မှုများရှိလာနိုင်သည်ဟု ခန့်မှန်းကြသည်။ အီရန်နိုင်ငံက ဆီးရီးယားအစိုးရကိုထောက်ခံပြီး ဆော်ဒီအာရေဗျနိုင်ငံက ဆန့်ကျင်ဘက်လက်နက်ကိုင်အဖွဲ့အစည်းများကို ထောက်ခံအားပေးသည်။ **အင်န်အိတ်ချ်ကေ။**

# ဩစတြေးလျ အနောက်တောင်ပိုင်း၌ တောမီးလောင်၊ လူ နှစ်ဦးသေ

**ပါ့သ် ဇန်နဝါရီ ၁၀**

ဩစတြေးလျနိုင်ငံ အနောက်တောင်ပိုင်း၌ တောမီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံ ၁၂၀ လုံးထက်မနည်း ပျက်စီးခဲ့ရပြီး နှစ်ဦးသေဆုံးကာ လူတစ်ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း၊ တောမီးမှာ ထိန်းချုပ်၍ မရဘဲ ဆက်လက်လောင်ကျွမ်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

မြို့တော် ပါ့သ်၏ တောင်ဘက် ကီလိုမီတာ ၁၂၀ (၇၅မိုင်)အကွာ သမိုင်းဝင်သစ်စက်တည်ရာ ယာလွတ်မြို့ငယ်၌ မီးလောင်ခံခဲ့ရသော အဆောက်အအုံများကို အာဏာပိုင်များက ရှာဖွေရာတွင် အမျိုးသားနှစ်ဦး၏ ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ရသည်။ ယာလွတ်မြို့မှာ ဇန်နဝါရီ ၇ ရက်က မီးဝါးမြို့ခံခဲ့ရသည်။ အသက် ၇၀ ကျော်ရှိမည်ဟု ခန့်မှန်းရသောအမျိုးသားနှစ်ဦး သေဆုံးခဲ့ပြီး ၎င်းတို့ မည်သူမည်ဝါဖြစ်သည်ကို အတည်ပြုနိုင်ခြင်း မရှိပေ။

အာဏာပိုင်များက အရေးပေါ်အခြေအနေကြေညာထားပြီး အနီးအပါးရှိ မြို့ငယ် ငါးခုမှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အဆိုပါမြို့များမှာ အမဲသား၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်သည့် ဒေသ၌ တည်ရှိသည်။

**ရိုက်တာ။**



# အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှင်သန်ရေး လေးနိုင်ငံဆွေးနွေးပွဲ စတင်မည်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်ရှင်သန်လာစေရန် ရည်ရွယ်လျက် အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဇန်နဝါရီ ၁၁ ရက်တွင် ဆွေးနွေးပွဲစတင်ရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါလေးနိုင်ငံမှ တာဝန်ရှိသူများသည် ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ရပ်ဆိုင်းနေခဲ့သည့် အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲကို ပြန်လည်စတင်နိုင်ရေးမှာ ပထမအဆင့် ခြေလှမ်းတစ်ရပ်ဖြစ်လိမ့်မည်ဟု အဆိုပါလေးနိုင်ငံက မျှော်လင့်ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ၁၄ နှစ်ကြာမျှ တာလီဘန်တို့ သူပုန်ထမှုကြောင့် သွေးထွက်သံယိုဖြစ်မှု အဆုံးသတ်စေရန် အန္တိမရည်မှန်းချက်ဖြင့် လေးပွင့်ဆိုင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

အစ္စလာမ္မစ်စစ်သွေးကြွများသည် အစိုးရအဖွဲ့ကို ဖြုတ်ချနိုင်စေရေးအတွက် လွန်ခဲ့သည့်နှစ်က အကြမ်းဖက်တိုက်ခိုက်သည့် လှုပ်ရှားမှုကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ခဲ့သည်။ ၂၀၁၄ နှစ်ကုန်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့အများစု ရုပ်သိမ်းခဲ့ချိန်နောက်ပိုင်း စစ်သွေးကြွတို့၏တိုက်ခိုက်မှုများ တိုးပွားလာခဲ့သည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

# အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

သာသနာရေး ဝန်ကြီးဌာန (၂၃)ကြိမ်မြောက် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင်အခမ်းနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒကထာနာယူသည်။ ထို့နောက် သင်တန်းမှူး ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါယမသာရက သင်တန်းများနှင့် စပ်လျဉ်း၍ လျှောက်ထားပြီးနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော အလှူရှင်များက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာအောင်ပုဂ္ဂိုလ်များအား ဆုတံဆိပ်များနှင့် အောင်လက်မှတ်များ ချီးမြှင့်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာအောင်ပုဂ္ဂိုလ်များအား ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# (၆၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ



**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး၍ မြစ်ကြီးနား မနောကော်မတီမှ ပူးပေါင်းကာ(၆၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားပြီး တက်ရောက်လာသူများက မြက်ခင်းပြင်အတွင်း ထောင်ကာအက၊ မနောအကများဖြင့် တပျော်တပါးဆင်နွှဲခဲ့ကြသည်။

**မိုယ်းကျ(မြစ်ကြီးနား)**

○○○

# ဆွာချောင်းအတွင်းမှ စစ်ကျန်ရထားတွဲ စင်းလုံးပေါ်ကာ ဘီးများပါမြင်တွေ့ရ

**ရေတာရှည် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာ မြောက်ဘက်ကပ်လျက်ရှိ ဆွာချောင်းထဲတွင် စစ်အတွင်းက တံတားအားဗုံးကြဲစဉ်ချောင်းအတွင်း ပြုတ်ကျနစ်မြုပ်သွားခဲ့သော ကုန်တင်ရထားတွဲမှာ ချောင်းရေနည်းပြီး သဲသောင်များပေါ်လာချိန်တွင် ဘေးတိုက်အနေအထားဖြင့် ဘီးများပါ မြင်တွေ့ခဲ့ရသည်။

ရထားတွဲ ဘေးဘက်ခြမ်းတွင် သေနတ်ကျည်ဆန်ရာသုံးခုကို မြင်တွေ့ရပြီး စစ်အတွင်း၌ တံတားပေါ် ရထားဖြတ်သန်းချိန် ဗုံးကြဲလေယာဉ်များရောက်ရှိလာကာ ဗုံးများဆက်တိုက် ကြဲချခဲ့သည့်အတွက် တံတားသာမက ဖြတ်သန်းနေသည့် ရထားကိုပါ ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း တံတားကြီးကျေးရွာနေ သက်ကြီးရွယ်အိုများ၏ပြောပြချက်အရ သိရသည်။ တံတားကြီးကျေးရွာတွင် စစ်အတွင်းကကြဲချခဲ့သည့် ဗုံးကျင်းကြီးများ ယခုထိတိုင်ရှိနေဆဲဖြစ်ပြီး ယင်းအချိန်က ရွာထဲ၌ တစ်ဦးတစ်ယောက်မျှ မနေရဲသဖြင့် တောထဲသို့ ပြေးလွှားပုန်းအောင်းနေကြရခြင်းဖြစ်ကြောင်း ကိုယ်တိုင်ကြုံတွေ့ရသူ အဘွားတစ်ဦးက ပြောသည်။

ယခင်ကတည်းက ရထားတွဲပျက်၏ တံခါးပိုင်းပေါ်နေသည့်သတင်းကြောင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ လာရောက်စစ်ဆေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ဖော်ယူနိုင်ခြင်းမရှိခဲ့ပေ။ "လာတော့ကြည့်ကြတယ်။ ဒါပေမယ့် ဖော်ရင် ကုန်ကျစရိတ်များမယ်။ နောက်တော့ တံတားအုတ်တိုင်ကို ထိခိုက်မယ်ဆိုပြီး မဖော်ဖြစ်ကြတာ။ တံတားနဲ့ဆိုရင် လှမ်းပါတယ်။ ထိခိုက်နိုင်မယ်မထင်ပါဘူး"ဟု တံတားကြီး ကျေးရွာနေဒေသခံတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



# မဟာစေတီဘုရားမြေအတွင်း အခွန်အခများ ကင်းလွတ်ခွင့်ပေး

**ပဲခူး ဇန်နဝါရီ ၁၀**

ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ကြည်ညိုသဒ္ဓါပွားများစေနိုင်ရန် ပဲခူးမြို့ ဆုတောင်းပြည့်စွယ်တော်ရှင် သမိုင်းဝင်မဟာစေတီတော်မြတ်ကြီး ဘုရားမြေအတွင်း စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်းနှင့် ခိုစာကျွေးခြင်းများအား အခွန်အခပေးဆောင်ရန် မလိုတော့ကြောင်း သိရသည်။

ကင်းလွတ်ခွင့်ပေးထားသည်ကို ဇန်နဝါရီ ၁ ရက်မှစ၍ ဗိုင်းကြော်ငြာများကပ်ကာ ဘုရားဖူးများအား အသိပေးနှိုးဆော်ထားပြီး ပဲခူးမြို့၏ ပထမဦးဆုံး ထူးခြားစွာ အခွန်အခကင်းလွတ်ခွင့်ပေးသည့် စေတီတော်မြတ်ကြီးဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**(၅၈၇)**

# ညောင်တုန်းမြို့ မြစ်ကမ်းပါးပြိုကျမှု ကြည့်ရှုစစ်ဆေး

**ညောင်တုန်း ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ညောင်တုန်းမြို့ (၉)လမ်းကမ်းနားမှ (၁၁)လမ်းကြား မြစ်ကမ်းပါးပြိုကျမှုကို ဇန်နဝါရီ ၈ ရက် ညနေက လာရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြစ်ကမ်းပါးသည် ဇန်နဝါရီ ၂ ရက် ညနေက စတင်ပြိုကျခဲ့ပြီး ယခုအခါ တည်ဆောက်ရေး(၉)မှ ကမ်းအိကမ်းလျှောလုပ်ငန်းများကို ပြုပြင်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးစောအောင်လွင်နှင့် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဖြိုးမြင့်တို့က ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က အတတ်ပညာပိုင်းဆိုင်ရာများနှင့် ပြည်သူများစိုးရိမ်ကြောင့်ကြမှုမရှိစေရေးအတွက် သက်ဆိုင်ရာ အင်ဂျင်နီယာများနှင့် တိုင်ပင်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်နိုင်ရေး အဖွဲ့များဖွဲ့စည်း

**ပြည်ကြီးမဏ္ဍိုင် ဇန်နဝါရီ ၁၀**

ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့၌ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်နိုင်ရေး ကြီးကြပ်ရေးအဖွဲ့များ ရွေးချယ်ဖွဲ့စည်းကာ တာဝန်ပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြီးကြပ်ရေးအဖွဲ့ဝင်များအား ရပ်ကွက်/ကျေးရွာများအတွင်း အများပြည်သူကြည်ညိုလေးစားသည့် ရပ်မိရပ်ဖ ငါးဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြင့် အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ရွေးချယ်တာဝန်ပေးအပ်ခဲ့ကြပြီး အဆိုပါကြီးကြပ်ရေးအဖွဲ့မှ မြို့နယ်အတွင်းရှိ ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ခုနစ်အုပ်စုတို့အား ဇန်နဝါရီ ၅ ရက်အတွင်း အပြီးသတ်ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နို့စားနွားမွေးမြူခြင်းဖြင့် လူမှုစီးပွားမြှင့်တင်

**ဖျာပုံ ဇန်နဝါရီ ၁၀**

စီမံကိန်းပါကျေးရွာများမှ ကျေးလက်နေပြည်သူများအား မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရင်းနှီးမတည်ငွေများကို သက်သာသည့် အတိုးနှုန်းများဖြင့် မတည်ထုတ်ချေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် မြစိမ်းရောင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရာတွင် နို့စားနွားမွေးမြူရေးလုပ်ငန်းကို စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နို့စားနွားများကို ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်မြို့နယ်အတွက် နို့စားနွားအကောင် ၂၀ (ခွင့်ပြုငွေကျပ် သိန်း ၃၀၀)၊ ဟင်္သာတမြို့နယ်အတွက် နို့စားနွားအကောင် ၂၀ (ခွင့်ပြုငွေကျပ် သိန်း ၃၀၀) နှင့် ဖျာပုံမြို့နယ်အတွက် နို့စားနွားအကောင် ၃၀ (ခွင့်ပြုငွေကျပ် သိန်း ၃၀၀) စုစုပေါင်းနို့စားနွားအကောင် ၇၀ အတွက် ငွေကျပ် သိန်း ၉၀၀ ခွင့်ပြုထားကြောင်း သိရသည်။

နို့စားနွားမွေးမြူခြင်းလုပ်ငန်းကို နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် နို့ပေါင်းစက်ရုံများ ပုံမှန်လည်ပတ်နိုင်ရေးတို့အတွက် ရည်ရွယ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ရေကြိုတင်စုဆောင်းအသုံးပြုနိုင်ရေး အသိပေး

ငမိုးရိပ်ရေလှောင်ကန်မှ ညောင်နှစ်ပင်ရေသန့်စင်စက်ရုံသို့ ရေပေးပို့သည့် ပင်မတူးမြောင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ရှိပါ၍ ညောင်နှစ်ပင်ရေသန့်စင်စက်ရုံမှ ရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သယ်န်းကျွန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သာကေတ၊ ဒေါပုံ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း၊ ဒဂုံ၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်နှင့် ရန်ကုန်မြို့တွင်း မြို့နယ်များတွင် ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ရေပြတ်တောက်မှုနှင့် ရေအားလျော့နည်းမှုများ ဖြစ်ပေါ်နိုင်ပါ၍ ရေကြိုတင်စုဆောင်းအသုံးပြုနိုင်ရေး အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အသိပေးနှိုးဆော်ထားသည်။ **(ကြေးမုံ)**

# အသက်ကယ်အလှူ

## အညာစိမ့်စမ်း

**"ဗျို့"ဟစ်စရာမလို**
**ကောင်းသတင်းပိုမိုနဲ့**
**သက်ဆယ်လိုအောက်ဆီဂျင်ကိုဖြင့်**
**အလှူပေးချိန်မရွေးပြီဘု**
**ဖေးကူကာဆီးကြိုလှူကြမှာ**
**(ကျွန်တော်တို့ရဲ့)**
**""""အောက်ဆီဂျင်အလှူ"""" ပါခင်ဗျာ။ ။**

"ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်" ဟူသောစကားကို ကျွန်မတို့သိကြသော်လည်း လေအသက်ကို မည်သို့မျှ သတ်မှတ်ခြင်းမရှိပေ။ လေအသက်သည် တစ်မနက်၊ ခုနစ်ရက်မျှမဟုတ်ဘဲ စက္ကန့်ပိုင်းမျှသာဖြစ်ကြောင်းကိုမူ သတ်မှတ်ချက်မထားသော်လည်း သိကြပေသည်။ ထိုမျှအရေးကြီးသောလေကို လူတို့သည် မိမိတို့အသက်ရှင်သန်ရေးအတွက် အချိန်တိုင်း ထိတွေ့သုံးစွဲနေကြရသော်လည်း တန်ဖိုးမထားကြပါ။ မိမိအသက်ဆက်ရမည့်လေကို အမှတ်မဲ့လုပ်ရပ်များဖြင့် ညစ်နွမ်းအောင်ပြုနေကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

> **"ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်" ဟူသောစကားကို ကျွန်မတို့သိကြသော်လည်း လေအသက်ကို မည်သို့မျှ သတ်မှတ်ခြင်းမရှိပေ။ လေအသက်သည် တစ်မနက်၊ ခုနစ်ရက်မျှမဟုတ်ဘဲ စက္ကန့်ပိုင်းမျှသာဖြစ်ကြောင်းကိုမူ သတ်မှတ်ချက်မထားသော်လည်း သိကြပေသည်။ ထိုမျှအရေးကြီးသောလေကို လူတို့သည် မိမိတို့အသက်ရှင်သန်ရေးအတွက် အချိန်တိုင်း ထိတွေ့သုံးစွဲနေကြရသော်လည်း တန်ဖိုးမထားကြပါ။ မိမိအသက်ဆက်ရမည့်လေကို အမှတ်မဲ့လုပ်ရပ်များဖြင့် ညစ်နွမ်းအောင်ပြုနေကြသည်မှာ.....**

WHO ၏စစ်တမ်းများမှ ကမ္ဘာ့ကျန်းမာရေးညွှန်းကိန်းများအရ လူသားတို့ရောဂါဖြစ်ပွားမှုအားလုံး၏ ၂၅ ရာခိုင်နှုန်းသည် လေထုညစ်ညမ်းမှုကြောင့်ဖြစ်ကြောင်း တွေ့ရသည်။ ၂၀၁၂ ခုနှစ်တွင် ပြင်ပလေထုညစ်ညမ်းမှုကြောင့် လူပေါင်း ၃ ဒသမ ၇ ဘီလီယံနီးပါးသေဆုံးခဲ့ပြီး ၄ ဒသမ ၃ ဘီလီယံနီးပါးသည် အိမ်တွင်းချက်ပြုတ်သည့် မီးခိုးနှင့်လေထုညစ်ညမ်းမှုများကြောင့် သေဆုံးခဲ့ရသည့်အပြင် သေဆုံးသူ ရှစ်ဦးတွင် တစ်ဦးသည် လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ သေဆုံးလျက်ရှိနေကြောင်း UN သတင်းတွင် ဖော်ပြထားသည်။

ကျွန်မတို့ အချိန်ပြည့်ရှုသွင်းနေရသော အောက်ဆီဂျင်ဓာတ်ငွေ့သည် ဒိုင်အောက်ဆီဂျင် $O_2$ ဖြစ်၍ ထိုဓာတ်ငွေ့သည် ကမ္ဘာ့လေထု၏ ၂၁ ရာခိုင်နှုန်းရှိသည်။ အိုဇုန်းသည် ထရိုင်အောက်ဆီဂျင် $O_3$ ဖြစ်ပြီး ရှားပါးသည့်ဓာတ်ငွေ့ဖြစ်ကာ ဓာတ်ငွေ့မော်လီကျူး ဆယ်သန်းတွင် အိုဇုန်းမော်လီကျူး သုံးခုသာတွေ့ရသောကြောင့် အိုဇုန်းဓာတ်ငွေ့၏ ၁၀ ရာခိုင်နှုန်းကိုသာ ကမ္ဘာမြေနှင့်နီးကပ်သော လေထုတွင်တွေ့နိုင်သည်။ အထက်လေထုလွှာအတွင်း၌ အိုဇုန်း ၉၀ ရာခိုင်နှုန်းခန့်ကို ထပ်မံတွေ့နိုင်သည်။ ၎င်းအိုဇုန်းလွှာသည် ကမ္ဘာမြေထုအားနေရောင်ခြည်မှကျရောက်လာမည့် ခရမ်းလွန်ရောင်ခြည်သင့်မှုအန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည်။

အမှိုက်များမီးရှို့ခြင်းနှင့် နေ့စဉ်ချက်ပြုတ်နေသည့် အပူအိုးများမှထွက်သည့်အပူငွေ့များတွင် မီသိန်းဓာတ်ငွေ့များပါသောကြောင့် ရှူရှိုက်မိသူတို့၏အဆုတ်ကို တိုက်ရိုက်ထိခိုက်စေရုံသာမက အိုဇုန်းလွှာကိုပါထိခိုက်စေနိုင်ကြောင်းကို နိုင်ငံတကာ တောင်များထိန်းသိမ်းရေးအဖွဲ့က ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ လေအေးစက်များ၊ ရေခဲသေတ္တာ၊ ရေမွှေးအပါအဝင် စပရေးဘူးများနှင့် လျှပ်ကာပစ္စည်းတို့သည် ဘေးထွက်ဆိုးကျိုးများအဖြစ် ကလိုရိုဖလူအိုရိုကာဗွန်ဓာတ်ငွေ့များထွက်လာပြီး အိုဇုန်းလွှာကိုတိုက်ခိုက်ကြသည်။ မီးခိုးငွေ့မျိုးစုံနှင့် အမှုန်အမွှားမျိုးစုံတို့သည် လေထုကိုညစ်ညမ်းစေရုံသာမက သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံများ၊ အနုပညာပစ္စည်းများကိုပျက်စီးစေခဲ့သည်။ လက်တွေ့ပြရသော် အိန္ဒိယနိုင်ငံရှိ ၁၇ ရာစုလက်ရာမွန် တပ်ဂျ်မဟာစကျင် ကျောက်ဖြူသားအဆောက်အအုံကြီးသည် လေထုညစ်ညမ်းမှုကြောင့် မူလအရောင်အသွေးများပျက်စီးနေကြောင်းကို ကမ္ဘာသိရန်ကြေညာခဲ့ပြီးဖြစ်သည်။ ထိုကျောက်ဆိုင်ကျောက်သားများပင် ပျက်ယွင်းသည်ဆိုပါက လူတို့၏ကလီစာများသည်ကား တွေးဝံ့စရာမရှိပါချေ။ တစ်နေ့တခြားတိုးပွားနေသည့်ကမ္ဘာ့လူဦးရေကြောင့် လူသားတို့သည် မိမိတို့နေရေးထိုင်ရေးနှင့် အခြားအသုံးအဆောင်များအတွက် သဘာဝမှပေးထားသည့်သစ်တောများကို ခုတ်ထွင်ရှင်းလင်းအသုံးပြုကြသည်။ ဤသို့ဖြင့်ကမ္ဘာမြေကို ထီးကဲ့သို့အုပ်မိုးပေးသော သစ်တော၊သစ်ပင်များ လုံးပါးပါးခဲ့သည်။ သစ်ပင်တို့သည် လူတို့အတွက် အန္တရာယ်ဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူသည့်အတွက် သစ်ပင်တို့နည်းပါးလာသောအခါ အပူချိန်မြင့်တက်ပြီး လေထုပိုမိုညစ်ညမ်းခဲ့သည်။ မြန်မာနိုင်ငံသည် သစ်တောများကုန်သည်အထိ သစ်ပင်များခုတ်ခဲ့သောကြောင့် နောင်နှစ်အနည်းငယ်အတွင်း လေထုနှင့်အပူချိန်တို့ များစွာပြောင်းလဲလာဦးမည်ဖြစ်သည်။ ကျွန်မတို့၏အိမ်နီးချင်းဖြစ်သော တရုတ်နိုင်ငံ၌မူ ယန်စီမြစ်ဒေသတစ်လျှောက်တွင် ၁၉၉၀ ပြည့်နှစ်မှစ၍ သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများပြုစုခြင်းတို့ ပြုလုပ်ခဲ့သဖြင့် ကိုးနှစ်တာကာလအတွင်း ဒေသလေးခုတွင် သစ်ပင်ပေါင်းတစ်သန်းကို စိုက်ပျိုးခဲ့ရုံသာမက နိုင်ငံတွင်းမှ သစ်ထုတ်လုပ်ခြင်းအား ရပ်နားခဲ့သည်။ ကျွန်မတို့နိုင်ငံတွင်မူ သစ်ပင်များကုန်ခဲ့ပြီးဖြစ်၍ သန့်စင်သော လေတို့နည်းပါးခြင်းသည်လည်း ရောဂါများ တိုး၍ခံစားရစေသည်။

ထိုသို့ လေထုညစ်ညမ်းခြင်းကြောင့်သာမကဘဲ ခေတ်ကာလအစားအသောက်များကြောင့် နာတာရှည်ရောဂါများနှင့် ကုသရန်ဆေးမရှိသေးသောရောဂါများဖြစ်ပေါ်ကာ အသက်ကယ်မည့်လေကို လိုအပ်နေသူတို့ရှိကြသည်။ သဘာဝတရားကြောင့်ဖြစ်စေ၊ လူတို့၏နေထိုင်စားသောက်မှုပုံစံမမှန်ခြင်းကြောင့်ဖြစ်စေ အသက်ရှင်နေစဉ်အချိန်အတွင်း အသက်ရှူရန်လိုအပ်သည့်လေကို သဘာဝအတိုင်းမဟုတ်ဘဲ အောက်ဆီဂျင်အထောက်အကူယူ၍ အသက်ဆက်ရသူတို့ရှိကြပါသည်။ အောက်ဆီဂျင်လိုအပ်သူတို့အတွက် သီးသန့်အောက်ဆီဂျင်တီထွင်သူမှာ Toseph Priestley (1733-1804) ဖြစ်၍ ၁၇၇၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် အောက်ဆီဂျင်ဓာတ်ငွေ့ကို တွေ့ရှိပြီးနောက် လူတို့အသုံးပြုနိုင်ရန် အဆင့်ဆင့်ပြုပြင်၍လုပ်ဆောင်ပေးခဲ့သည်။

လွန်ခဲ့သည့်ဆယ်နှစ်ခန့်အထိ အရေးပေါ်လူနာများအတွက် အသုံးပြုရမည့်အောက်ဆီဂျင်ကို ဆေးရုံကြီးများနှင့် အောက်ဆီဂျင်ငှားသောဆိုင်များတွင်သာရရှိပြီး အောက်ဆီဂျင် အမှန်တကယ်လိုအပ်သော်လည်း ထိုနေရာတို့နှင့် အလှမ်းဝေးသူတို့သည် မကြွေသင့်ဘဲ အကြွေစောခဲ့ကြရသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံနေရာအနှံ့၌ အောက်ဆီဂျင်လှူသည့် အသင်းအဖွဲ့များနှင့်တကွ အလှူရှင်တို့ များစွာပေါ်ပေါက်လာပြီဖြစ်သောကြောင့် ဆရာဝန်သတ်မှတ်ချက်အရ အသက်ကယ်လေဟုဆိုရမည့် အောက်ဆီဂျင်ကို အမှန်တကယ်လိုသူတို့သည် ပူပင်သောကကင်းကင်းဖြင့် လွယ်ကူစွာ အသုံးပြုနိုင်ပြီး ကျန်ရှိသောဘဝကိုဆက်၍လျှောက်လှမ်းနိုင်ပြီဖြစ်သည်။ အလှူမျိုးစုံရှိသည့်အနက် အသုံးလိုချိန်၌ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့်လဲလှယ်၍မရနိုင်သောအရာများတွင် အောက်ဆီဂျင်သည်လည်းပါဝင်ပြီး ထိုအလှူတွင် ပါဝင်လှူဒါန်းသူ၊ အချိန်ပေး၍လုပ်အားဖြင့် ကုသိုလ်ပြုသူတို့သည် အလွန်လေးစားဖွယ်ဖြစ်သော ပုဂ္ဂိုလ်များပင် ဖြစ်သည်။

ထိုအဖွဲ့များသည် ရပ်ကွက်များ၌ တွင်ကျင်စွာနေရာယူလာကြသည်ကိုမြင်ရသဖြင့် သာဓုခေါ်မိပါသည်။ ရပ်ကွက်များမှတစ်ဆင့် ပုဂ္ဂလိကဆေးရုံ၊ ကိုယ်ပိုင်ဆေးခန်းများအထိ လှူခွင့်ရမည်ဆိုပါကလည်း သဒ္ဓါတရားထက်သန်စွာ စုပေါင်းလှူဒါန်းကြမည်သာဖြစ်ကြောင်းလည်း ကျွန်မတို့ယုံကြည်ကြသည်သာဖြစ်သည်။

ခန္ဓာရှိလျှင်ဝေဒနာရှိမည်ပင်။ သေခြင်းတရားကို မြတ်စွာဘုရားပင် ရှောင်လွှဲ၍မရနိုင်ပါ။ မိမိပိုင်ဆိုင်သည့် အသက်တစ်ချောင်းကို လွယ်ကူစွာမစွန့်လွှတ်နိုင်ကြောင်း ရေစက်ရေပေါက်ပေါ်သို့ ကျသွားသောပုရွက်ဆိတ်ငယ်၏ ကြောက်လန့်စွာရုန်းကန်နေပုံကိုကြည့်ရုံဖြင့် သိနိုင်ပေသည်။ လူဆိုပါကဆိုဖွယ်ရာမရှိပေ။ ထို့ကြောင့် တိုတောင်းလှသောလူ့ဘဝတွင် နေရစဉ်ခဏအတွင်း အောက်ဆီဂျင်တည်းဟူသော အသက်ကယ်လေကို အချိန်မီအသုံးမပြုရသဖြင့် အချိန်မတိုင်ခင် စောစီးစွာလူ့လောကကို နှုတ်ဆက်ခွဲခွာရသည့်အဖြစ်တို့ လျော့နည်းလာအောင်ကူညီပေးကြသူတို့သည် ယခုဘဝပင်မက နိဗ္ဗာန်မရောက်မီဘဝအဆက်ဆက်၌စိတ်ချမ်းသာ၊ကိုယ်ကျန်းမာခြင်းပြည့်စုံလျက် လိုအင်ဆန္ဒပြည့်ဝကြပါစေကြောင်း ဆုမွန်တောင်းရင်း ဂုဏ်ပြုလိုက်ရပါသည်။ ။

# ဆင်ခြေထောက်ရောဂါ ကာကွယ်ရေး အသိပေးဆွေးနွေး

**ရေနံချောင်း ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် ဆင်ခြေထောက်ရောဂါကာကွယ်ရေး ဆေးတိုက်ကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက်က မြို့နယ်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်စန်းဝင်းက ဆင်ခြေထောက်ရောဂါဖြစ်ပွားရခြင်း အကြောင်းအရင်းများ၊ ရောဂါဖြစ်ပွားပုံအဆင့်ဆင့်၊ အသက်အရွယ်အပိုင်းအခြားအလိုက် ဆေးတိုက်ကျွေးမှုပုံစံများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများကလည်း ပူးပေါင်းတိုက်ကျွေးပေးကြရန် ဆွေးနွေးခဲ့သည်။

ရေနံချောင်းမြို့နယ်တွင် ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၁၁ ရက်မှ စတင်ကာ ၁၀ ရက်ကြာ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မွန်မွန်)**

# ရိုးရာခြင်းလုံးလေ့ကျင့်ရေးအားကစားခန်းမ ဘားအံ၌ဖွင့်

**ဘားအံ ဇန်နဝါရီ ၁၀**

မြန်မာ့ရိုးရာ ခြင်းလုံးလောက တိုးတက်ရေး၊ ခြင်းလုံးအားကစားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ် ရိုးရာခြင်းလုံးဆပ်ကော်မတီမှ ဆောင်ရွက်ထားသော ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းမကြီးဘေးရှိ ကရင်ပြည်နယ်ရိုးရာခြင်းလုံး အားကစားလေ့ကျင့်ရေးခန်းမ၌ ဖွင့်ပွဲနှင့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ရိုးရာခြင်းလုံး အားကစားလေ့ကျင့်ရေးခန်းမကို ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က ခြင်းလုံးအားကစားလေ့ကျင့်ရေးခန်းမ မော်ကွန်းကျောက်စာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ရိုးရာခြင်းလုံးဆပ်ကော်မတီမှ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ရိုးရာခြင်းလုံးအားကစားလေ့ကျင့်ရေးခန်းမနှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့် အားကစားပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံကျော်ခြင်းလုံးလက်ရွေးစင်စန်းစန်းမော်နှင့် ပန်းမြတ်သူခြင်းအဖွဲ့၊ ကရင်ပြည်နယ်ရိုးရာခြင်းလုံးလက်ရွေးစင်များက ရိုးရာခြင်းအလှခတ်သရုပ်ပြသကစားကြရာ တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ခြင်းလုံးအားကစားဝါသနာရှင်မိဘပြည်သူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရိုးရာခြင်းလုံး အားကစားလေ့ကျင့်ရေးခန်းမကို ၂၀၁၅ ခုနှစ် မတ်လမှစတင်ကာ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ခြင်းလုံးအားကစားဝါသနာရှင်များ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၂၃၇ သိန်းကျော်ဖြင့် ပေ (၄၀×၆၀)ရှိ အဆောက်အအုံကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရိုးရာခြင်းလုံးအားကစားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် တည်ဆောက်ရခြင်းဖြစ်ကာ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းများကို ခြင်းလုံးဝါသနာရှင်မျိုးဆက်သစ်များအား လေ့ကျင့်ပေးသွားနိုင်မည့် အားကစားခန်းမတစ်ခုဖြစ်ကြောင်း ကရင်ပြည်နယ် ခြင်းလုံးဆပ်ကော်မတီထံမှ သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# ပျော်ရွှင်စွာဆင်နွှဲ တိုင်းရင်းသားကျေးရွာထဲက ကရင်အမျိုးသားနှစ်သစ်ကူးပွဲ




**ရန်ကုန် ဇန်နဝါရီ ၁၀**

ကရင်တိုင်းရင်းသားလူမျိုးတို့၏ ပြာသိုလဆန်း ၁ ရက်တွင်ကျရောက်သော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ကရင်ပြည်နယ်တွင်သာမက ကရင်တိုင်းရင်းသားများနေထိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင်လည်းကျင်းပကြရာ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင်လည်း(ရန်ကုန်အရှေ့ခြမ်း) ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို စည်ကားစွာ ကျင်းပသည်။

မြန်မာနိုင်ငံအတွင်းသို့ ကရင်ဘိုးဘွားမိဘများ နောက်ဆုံးဝင်ရောက်အခြေချနေထိုင်ခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်မှ စတင်ရေတွက်ရာ ယခုဆိုလျှင် မြန်မာနိုင်ငံအတွင်းသို့ ကရင်လူမျိုးများ ရောက်ရှိအခြေချသည်မှာ နှစ်ပေါင်း ၂၇၅၅ နှစ်ရှိခဲ့ပြီဖြစ်သည်။ ယနေ့ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့သည် (၇၈) ကြိမ်မြောက် ကျင်းပသော နှစ်သစ်ကူးနေ့အခမ်းအနားဖြစ်သည်။

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစောချစ်မျိုးက "ဒီမှာကတော့ ရန်ကုန်အရှေ့ပိုင်းခရိုင်နဲ့ တောင်ပိုင်းခရိုင်ကိုယ်စားပြုပြီးတော့ ကျင်းပတာဖြစ်ပါတယ်။ ကရင်နှစ်သစ်ကူးပွဲဆိုပေမယ့် တိုင်းရင်းသားတွေ အားလုံးလာကြပါတယ်။ ကရင်နှစ်သစ်ကူးအခါသမယမှာ ကရင်နှစ်သစ်ကူးပွဲတော်ကို အခုလို စည်စည်ကားကားလုပ်ဆောင်နိုင်ခြင်းအားဖြင့် ကရင်အမျိုးသားတွေ ပြန်လည်စည်းလုံးသင့်မြတ်ရေးနဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသားများထဲမှာရှိတဲ့ ကရင်မျိုးနွယ်စုကြီးအတွက်လည်း အဖိုးမဖြတ်နိုင်တဲ့ ကောင်းမွန်မြင့်မြတ်တဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်"ဟု ပြောသည်။

နှစ်ဟောင်းကုန်၍နှစ်သစ်ကူးပွဲတော်ကို ကမ္ဘာပေါ်ရှိနိုင်ငံများတွင် မှီတင်းနေထိုင်ကြသည့် လူမျိုးအားလုံးတို့သည် မိမိတို့၏ တိုင်းပြည်နှင့် လူမျိုးအလိုက် ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့်အညီ ကျင်းပကြသည့်နည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တောင်ပေါ်မြေပြန့်မကျန် နေထိုင်လျက်ရှိသည့် ကရင်တိုင်းရင်းသားများသည်လည်း ကောက်သစ်စားပွဲတော်အထိမ်းအမှတ် နှစ်သစ်မင်္ဂလာနေ့မြတ်အဖြစ် ယနေ့ကျင်းပရခြင်းဖြစ်သည်။

"နှစ်သစ်ကူးနေ့ဆိုတာ ပျော်ပွဲရွှင်ပွဲသက်သက်တင်မဟုတ်ပါဘူး။ နှစ်သစ်ကူးမှာ ကရင်လူမျိုးတွေစုစည်းတယ်။ ပျော်ရွှင်တယ်။ နောက်ပြီး ကိုယ့်ရဲ့ယဉ်ကျေးမှု ပြန်ဖော်ထုတ်တယ်။ ဘာသာမခွဲဘူး။ ခုခေတ်ကလေးတွေ ကိုယ့်စာပေ၊ ယဉ်ကျေးမှု၊ ကိုယ့်စကား ဒါတွေမပျောက်အောင် စောင့်ရှောက်ရမယ်။ ထိန်းသိမ်းရမယ်။ ဒါဆို ကိုယ့်လူမျိုး၊ ကိုယ့်စာပေ ယဉ်ကျေးမှုဆိုတာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာမဟုတ်ဘူး"ဟု ပိုးကရင်တိုင်းရင်းသူ အသက်(၈၃)နှစ်အရွယ် ဒေါ်ချယ်ရတီက ပြောသည်။

မြန်မာပြည်တွင် နှစ်ပေါင်း ၂၀၀၀ ကျော် ၃၀၀၀ နီးပါး ကရင်လူမျိုးများသည် လူမျိုးတစ်မျိုးအနေဖြင့် ခိုင်မာစွာဆက်လက်ရပ်တည် ရှင်သန်နိုင်ခြင်းမှာ မိမိတို့ကိုယ်ပိုင်ပြောဆိုသည့် ဘာသာစကား၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို ခေတ်အဆက်ဆက် မပျောက်ပျက်ရအောင် အမျိုးကို စောင့်ရှောက်သည့်စိတ်ဓာတ်ဖြင့် အမြတ်တနိုးထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားခြင်းကြောင့် ကရင်စကား၊ ကရင်စာပေ၊ ကရင်ယဉ်ကျေးမှုအက၊ ကရင်တေးသီချင်းများနှင့် ကရင်တူရိယာ၊ ကရင်ပြက္ခဒိန်တို့သည် ယနေ့တိုင် တည်ရှိနေခြင်းပင်ဖြစ်သည်။

လွန်ခဲ့သော ၇၈ နှစ်ကျော်က ကရင်ဘိုးဘွားများ၏ စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်ခဲ့ခြင်းကြောင့် ကရင်အမျိုးသားသီချင်း၊ ကရင်အမျိုးသားအလံတော်နှင့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့တို့ကို တရားဝင်ကျင်းပခွင့်ရရှိလာခဲ့ကြောင်း အဆိုပါအခမ်းအနားမှသိရသည်။

"လွန်ခဲ့တဲ့ ၇၈ နှစ်က ဘိုးဘေးတွေပြောခဲ့တဲ့ တိုင်းရင်းသားတွေ စည်းစည်းလုံးလုံးနဲ့နေထိုင်သွားကြဖို့ မှာကြားသွားပါတယ်။ အဲဒီပေါ်မူတည်ပြီး တိုင်းပြည်အေးချမ်းသာယာအောင် စည်းစည်းလုံးလုံးနဲ့ ဘိုးဘေးတွေ မှာကြားခဲ့တဲ့အတိုင်း နေထိုင်သွားကြပါလို့ ပြောချင်ပါတယ်"ဟု ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြောသည်။

အဆိုပါ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်တွင် ကရင်ရိုးရာ ဒုံးယိမ်းအကဖျော်ဖြေရန် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့မှ လာရောက်သည့် ကျောင်းသား ကျောင်းသူလေးများ၏ ဦးဆောင်ဆရာတော်ဦးပဏ္ဍိတက "အခုဝေးလံတဲ့နေရာကနေ ဒီအထိလာရတာက ကရင်တိုင်းရင်းကလေးငယ်တွေကို နားမျက်စိတွေ ပွင့်စေချင်တာရယ်၊ ကရင်လူမျိုးကလေးငယ်တွေအနေနဲ့ ကိုယ့်လူမျိုးရဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းတတ်ဖို့ အခုလိုငယ်ငယ်တည်းက လေ့ကျင့်ပေးနေတာ"ဟု မိန့်ကြားသည်။

အဆိုပါကရင်နှစ်သစ်ကူးပွဲတော်တွင် နံနက်ပိုင်း၌ ကရင်အမျိုးသားအလံကို ဖားစည်၊ ပဒိုး တီးမှုတ်ပြီး လွှင့်တင်ကာ သက်ကြီးကရင်ဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ယဉ်ကျေးမှုအဖွဲ့၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကော့ပါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ မျိုးဆက်သစ်အားမာန် ပညာရေးဒုံးယိမ်းအဖွဲ့၊ အထက သုဝဏ္ဏနှင့် အလက(၂) သယ်န်းကျွန်းမှ ကျောင်းသား ကျောင်းသူလေးများ၏ ကပြဖျော်ဖြေမှုများ၊ ကရင်ရိုးရာ တေးသီချင်းများ၊ တေးသံသာများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

**သတင်းဆောင်းပါး - သီသီမင်း**
**ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**

# ကရင်တိုင်းရင်းသားတို့၏ ရင်တွင်းစကားသံများမှသည် စည်းလုံးညီညာသည့် ကောက်သစ်စားပွဲတော်ဆီသို့

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာ့ဒေသအသီးသီးတွင် အခြေချနေထိုင်ကြသည့် ကရင်လူမျိုးတို့၏ ၂၇၅၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ နေ့ထူးနေ့မြတ် ဖြစ်သည်။

ထို့ကြောင့် အဆိုပါနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဆေးဝက်ပါ အာလိန်ငါးဆင့် ဘုရားဝင်းအတွင်းတွင် ကျင်းပခဲ့ရာ လာရောက်ဆင်နွှဲကြသည့် ကရင်တိုင်းရင်းသားလူမျိုးတို့၏ ရင်တွင်းစကားသံ အချို့ကို ဖော်ပြပေးလိုက်ပါသည်။


စောထွန်းထွန်း(ပန်းတနော်)


စောညီညီ(ပန်းတနော်)


စုမွန်(လှိုင်သာယာ)


ကိုစော(ရန်ကုန်)

**စောလှထွန်း(အထွေထွေအတွင်းရေးမှူး၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေးဗဟိုကော်မတီ)**

"ကရင်နှစ်သစ်ကူး ကောက်သစ်စားပွဲကနေ အခြေခံလာခဲ့တဲ့ ပွဲတော်နေ့ဟာ ဦးလေးတို့ လူမျိုးစုရဲ့သမိုင်းမှာ မိမိရဲ့ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးတမ်းတစ်ခုကို စည်းစည်းလုံးလုံးနဲ့လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းလာခဲ့ကြတဲ့ အနေအထားကနေ ဒီနေ့ ဒီအချိန်ခါမှာလည်း ဒီအမွေအနှစ်ကြီးကို ဆက်လက်ပြီးတော့ ထိန်းသိမ်းဖော်ဆောင်သွားရမယ်ဆိုတဲ့ အဓိပ္ပာယ်အရ ကျင်းပလာခဲ့ကြခြင်းဖြစ်တယ်။

ဒါကြောင့် ဒီလိုနေ့မျိုးဟာ တစ်ဖက်မှာ ကရင်ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့သဘောဆောင်သလို တစ်ဖက်မှာလည်း ကရင်အမျိုးသားအားလုံးဟာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့လက်တွဲပြီး ငြိမ်းချမ်းသာယာသော လူ့ပတ်ဝန်းကျင်ကို လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူရည်တူရှိခြင်းစတဲ့ လောကပါလတရားတွေအတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို စည်းစည်းလုံးလုံးတည်ဆောက်သွားကြမယ်ဆိုတဲ့ အမျိုးသားရေးစိတ်ဓာတ်တွေကို ဖော်ဆောင်ပါတယ်။

**စောထွန်းထွန်း(ပန်းတနော်)**

ကျွန်တော်တို့ယဉ်ကျေးမှုမပျောက်ပျက်အောင် ထိန်းသိမ်းတဲ့အနေနဲ့ရောကိုယ့်ရဲ့ဝါသနာအရ ဒီနေ့အခမ်းအနားမှာ တစ်မျိုးသားလုံး စုပေါင်းညီညာလက်တွဲကြပြီး အမျိုးသားစာပေမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြမယ်ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ သီချင်းနဲ့ ကျွန်တော်တို့ ဒုံးယိမ်းကကြမှာပါ။ တစ်နှစ်တစ်ခါမှသာ ကိုယ့်ယဉ်ကျေးမှုကို ဖော်ထုတ်ပြခွင့်ရတဲ့အတွက် အရှုံးအနိုင်က ပဓာန မကျပါဘူး။

**စောညီညီ(ပန်းတနော်)**

ဒီနေ့မှာ ကျွန်တော်တို့ ဧရာဝတီ စာပေနဲ့ယဉ်ကျေးမှုကို ဖော်ဆောင်တဲ့ တေးသီချင်းကို ညီ၊ ညီမငယ် ၃၅ ဦးနဲ့ ဒုံးကမှာပါ။ ကျွန်တော်တို့ ကိုယ့်လူမျိုးကို ကိုယ်ချစ်တဲ့အတွက် ယဉ်ကျေးမှုကို မပျောက်အောင်လည်း ထိန်းသိမ်းမယ်။ နောင်တက်လာမယ့် မျိုးဆက်သစ်လေးတွေကိုလည်း ငါတို့လူမျိုးမှာ ဒီလိုမျိုးယဉ်ကျေးမှုတွေရှိပါလားဆိုတဲ့ အသိပညာတွေပေးချင်တယ်။ အသက်ဆုံးတိုင်အောင်လည်း ဒုံးကတဲ့အလုပ်ကို ဆက်လုပ်သွားမှာပါ။

**စုမွန်(လှိုင်သာယာ)**

ဒီနေ့မှာ ညီမတို့ ကိုယ့်ယဉ်ကျေးမှုကို ဖော်ဆောင်စေတဲ့ နှစ်သစ်ရောက်ပါပြီ။ စာပေကိုမမေ့ကြပါနဲ့။ နောင်လာနောင်သားတွေ မမေ့အောင်သင်ပေးကြပါ။ နှစ်သစ်ကူးနေ့မှာ အလံကို လာအလေးပြုကြပါ။

**ကိုစော(ရန်ကုန်)**

ကျွန်တော်တို့ မျိုးဆက်သစ်ကရင်လူငယ်လေးတွေက ဘိုးဘေးတွေထားရစ်ခဲ့တဲ့ အမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းပြီး တာဝန်ကျေပွန်စွာ ဆက်လက်ထိန်းသိမ်းသွားကြရမှာပါ။

ဘီစီ ၇၃၉ ခုနှစ်အထိ မြန်မာနိုင်ငံအတွင်းသို့ ရေကြည်ရာမြက်နုရာ အရပ်ဒေသကိုအမှီပြု၍ ကရင်မိဘဘိုးဘွားများ နောက်ဆုံးအသုတ်အဖြစ်ဝင်ရောက်အခြေချနေထိုင်ခဲ့သည့် သမိုင်းဝင်မှတ်တမ်းအရ ကရင်နှစ်သည် ၂၇၅၅ ခုနှစ် တိုင်ခဲ့ပြီဖြစ်သည်။

ကရင်လူမျိုးတို့သည် ယင်းတို့၏ ဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှုများကို လက်ဆင့်ကမ်းအမွေထိန်းသိမ်းလျက် နှစ်ပေါင်းများစွာတိုင်အောင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားကရင်လူမျိုးတစ်ရပ်အနေဖြင့် ခိုင်မာစွာ ရပ်တည်နေထိုင်ခဲ့ကြသည်။ ထို့ပြင် ကရင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးကို အစဉ်တည်ဆောက်နိုင်စေရန်ရည်ရွယ်၍ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိလာသည့် ပေါ်ဦးပေါ်စ ကောက်ပဲသီးနှံများဖြင့် နှစ်စဉ် ပြာသိုလဆန်း ၁ ရက်ကို တပျော်တပါး ကောက်သစ်စားပွဲတော်နေ့(ကရင်နှစ်သစ်ကူးနေ့)အဖြစ် ၁၉၃၇ ခုနှစ်မှစတင်ကာ သတ်မှတ်ခဲ့ကြပြီး ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် နှစ်ပေါင်း ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## မြစိမ်းရောင်စီမံကိန်းလက်ဖက်စိုက်ခင်း အကောင်အထည်ဖော်

**နမ့်ဆန် ဇန်နဝါရီ ၁၀**

မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ စီမံချက်အရ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်အတွင်းရှိ ပိန်းလုံ၊ အနောက်ကင်း၊ ပန်ဆေမိန်း၊ အုမ်၊ စွမ်နှင့် အုမ်းတက်ကျေးရွာ ငါးရွာသို့ မြစိမ်းရောင် စီမံကိန်း လက်ဖက်ခြံစိုက်ခင်းလုပ်ငန်းနှင့် အုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ နှုန်းဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလက ပေးအပ်ခဲ့သည်။

အဆိုပါမြစိမ်းရောင်စီမံကိန်း လက်ဖက်ခြံစိုက်ခင်းနှင့် အုတ်လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးမျိုးမင်းစိုးနှင့်အဖွဲ့က ဇန်နဝါရီ ၈ ရက်တွင် ကွင်းဆင်းကြည့်ရှုရာ နမ့်ဆန်မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဇင်လတ်နှင့် ကျေးရွာကော်မတီဝင်များက ရှင်းလင်းပြသကြောင်း သိရသည်။

**(သီပေါကိုလတ်)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားတွင် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

**●ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ ပြည်နယ်ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ကရင်တိုင်းရင်းသားများ၊ ပြည်နယ်သူ၊ ပြည်နယ်သား တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့များက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ကရင်ရိုးရာကျွဲချိုမှုတ်ပြီး ဖားစည်တီးကာ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကရင်အမျိုးသားနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူး အထိမ်းအမှတ်၊ နှစ်သစ်မင်္ဂလာပြုခြင်းသည် နှစ်ဟောင်းမှမကောင်းမှုမှန်သမျှကို နှစ်ဟောင်းနှင့်အတူ စွန့်ပယ်ခဲ့ပြီး ရောက်ရှိလာသည့် နှစ်သစ်ကို မွန်မြတ်သော စိတ်ဓာတ်ဖြင့် ရွှင်လန်းဝမ်းမြောက်စွာကြိုဆိုခြင်းဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် ကုန်လွန်ခဲ့သော နှစ်ဟောင်းအတွေ့အကြုံများမှ အားနည်းချက်များ၊ အားသာချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး နှစ်သစ်အခါသမယတွင် စိတ်သစ်၊ အားမာန်သစ်များနှင့်အတူ ပြည်နယ်နှင့် နိုင်ငံတော်အကျိုးစီးပွားဖြစ်ထွန်းလာရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် အဓိဋ္ဌာန်ပြုခြင်းဖြစ်ပါကြောင်း။

ကရင်တိုင်းရင်းသားတို့သည် နှစ်သစ်မင်္ဂလာကျင်းပရာတွင် ရိုးရာဓလေ့အတိုင်း အတီးအမှုတ်၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ သက်ကြီးဝါကြီး ဘိုးဘွားများအား ဂါရဝပြုပြီး ကောက်သစ်စားသောက်ဖွယ်များဖြင့် ပူဇော်ကန်တော့ ကျွေးမွေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးကမ်းလှူဒါန်းခြင်း၊ လူမျိုးမရွေး၊ ဘာသာမရွေးလူအပေါင်းတို့အား ဆုတောင်းမေတ္တာပို့သခြင်း စသည့် မွန်မြတ်သော ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာသည် ချစ်မြတ်နိုးဖွယ်ရာဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေသကဲ့သို့ မိမိတို့ချစ်မြတ်နိုးသော ကိုယ်ပိုင်ယဉ်ကျေးမှုအစဉ်အလာကောင်းများကို စောင့်ရှောက်ဖော်ထုတ်မြှင့်တင်ခြင်း၊ မိမိအမျိုးသားစာပေ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ် ဖော်ထုတ်ခြင်းတို့သည်လည်း ကောင်းမြတ်သော အစဉ်အလာကောင်းများ ဖြစ်ကြပါကြောင်း။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ခက်ခဲကြမ်းတမ်းသော ခရီးလမ်းကို ကာလကြာရှည်စွာ ဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရပါကြောင်း။

ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရောင်ခြည်များ ရရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများလည်း ရရှိနေပြီဖြစ်ပါကြောင်း၊ ရရှိပြီးဖြစ်သော ငြိမ်းချမ်းရေးရလဒ်ကောင်းများကို ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဖော်ဆောင်ပြီး ငြိမ်းချမ်းရေးအမွေကို သားစဉ်မြေးဆက် ခံစားနိုင်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း။

ယခင်က အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန် နှောင့်နှေးခဲ့ရသည့် ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ယခုအခါ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်လျက်ရှိသောကြောင့် ပြည်သူများအေးချမ်းစွာဖြင့် သွားလာနေထိုင်လုပ်ကိုင်နိုင်ကြပြီဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုကော်မတီများဖွဲ့စည်းပြီး နိုင်ငံတော်က တိုးချဲ့ချမှတ်ပေးသော ရန်ပုံငွေများအပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့များကိုလည်း ရယူကာ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူကို ဗဟိုပြုသော အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပြီး ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကရင် တိုင်းရင်းသားတို့သည် ပင်ကိုအားဖြင့် ရိုးသားတည်ကြည်ခြင်း၊ သစ္စာရှိခြင်း၊ မေတ္တာတရားအစဉ်လက်ကိုင်ထားရှိခြင်း၊ ရိုင်းပင်းကူညီတတ်သည့် စိတ်ဓာတ်ရှိခြင်း စသည့် မွန်မြတ်သောဖြူစင်ရိုးစင်းတရားပြည့်ဝသော လူမျိုးတစ်မျိုးအဖြစ် ထင်ရှားလျက်ရှိပါကြောင်း။

ကရင်တိုင်းရင်းသားများနှင့်အတူ အသီးတစ်ရာအညွှာတစ်ခု ဆိုသကဲ့သို့ မြန်မာနိုင်ငံအတွင်း နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှ နေထိုင်လာခဲ့ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် နေထိုင်ရာဒေသအလိုက် ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကား ကွဲပြားခြားနားသော်ငြား အနှစ်သာရအားဖြင့် တစ်သွေးတည်းတစ်သားတည်း တစ်အူထုံ့ဆင်း ညီအစ်ကိုများဖြစ်သည်နှင့် အညီ တိုင်းရင်းသားအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အစဉ်အလာကောင်းများကိုလည်း ထာဝရတည်မြဲနေရမည် ဖြစ်ပါကြောင်း။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်စုံမှ တိုးတက်ပြောင်းလဲမှုများနှင့် အတူ နှစ်သစ်အခါသမယတွင် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများက ရရှိထားပြီးဖြစ်သော ဒေသတွင်းတည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းသွားပြီး ရေရှည်တည်တံ့ခိုင်မြဲ၍ စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း ခံယူကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အလေးထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကရင်ပြည်နယ်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခုဖြစ်အောင် ပြည်နယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသဘာပတိ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ

**စာမျက်နှာ ၉ ကော်လံ ၁ သို့◯**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုခံသက်ကြီး ကရင်အဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

○စာမျက်နှာ ၈ မှ
ဦးစောအောင်ကျော်မင်းက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် ပညာရေးကောလိပ်မှ ကျောင်းသားကျောင်းသူလေးများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံ အကျဉ်းအား မြန်မာဘာသာ၊ ပိုးဘာသာ၊ စကောဘာသာတို့ဖြင့် ဖတ်ကြားတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဂုဏ်ပြုခံအထင်ကရ သက်ကြီးကရင် အဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ကရင်သက္ကရာဇ် ၂၇၅၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ ပေးပို့လာသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ သဝဏ်လွှာကို မှတ်တမ်းတင်သည်။

ယင်းနောက် တက်ရောက်လာကြသူများက ဘင်ခရာအဖွဲ့နှင့်အတူ စည်းလုံးခြင်းသည် အင်အားဟု အဓိပ္ပာယ်ရသော သီချင်းကိုသီဆို၍ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် အဆိုပါကွင်း၌ ဆက်လက်ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖိုးပူးယော် ကောက်သစ်စားပွဲတော်သို့ တက်ရောက်သည်။

ကောက်သစ်စား ပွဲတော်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေးချိုင့်ကျက်များလှွတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများက ဖိုးပူးယော်ဆုတောင်းတေးသီချင်းကို သီဆိုကြသည်။

နိုင်ငံတော်သမ္မတသည် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်အတူ ကောက်သစ်စားပွဲတော် အထိမ်းအမှတ်အဖြစ် ကရင်ရိုးရာအစားအသောက်များကို သုံးဆောင်ကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကရင်နှစ်သစ်ကူးနေ့အဖြစ် ပြာသိုလဆန်း ၁ ရက်နေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် ကရင်အမျိုးသားလွှတ်တော်အမတ်များက ၁၉၃၇ ခုနှစ်မှ စတင်၍ ဗြိတိသျှအစိုးရထံ တောင်းဆိုခဲ့ကြပြီး တောင်ငူအမတ် စောဂျွန်ဆင်ဒီဖိုးမင်းက ၁၉၃၇ ခုနှစ် ဩဂုတ် ၂ ရက်နေ့တွင် အဆိုကို လက်မှတ်ရေးထိုးကာ ဥပဒေပြုအောက်လွှတ်တော်သို့ တင်သွင်းခဲ့သည်။

ထို့နောက် ဘုရင်ခံက(Negotiable Instrument Act)အရ အများပြည်သူ အစိုးရရုံးပိတ်ရက်အဖြစ် ၁၉၃၈ ခုနှစ် ဇန်နဝါရီ ၁ ရက် (မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့)တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုမှစ၍ နှစ်စဉ် ပြာသိုလဆန်း ၁ ရက်နေ့ရောက်တိုင်း ကရင်နှစ်သစ်ကူးနေ့ကို ကျင်းပခဲ့ကြခြင်းဖြစ်သည်။

ကောက်ဦးစားပွဲ နှစ်သစ်ကူးခြင်းကို ရည်ရွယ်ချက်အားဖြင့် သုံးရပ်ထားရှိကြောင်း သိရသည်။ ပထမ ရည်ရွယ်ချက်မှာ တောင်ယာလုပ်ငန်းထုတ်လုပ်မှုကို အားဖြည့်ပေးခြင်း၊ ကူညီစောင့်ရှောက်ခြင်းပြုသော စပါးစောင့်နတ်သမီးနှင့် နတ်ကောင်းနတ်မြတ်များအား ပူဇော်ပသခြင်းနှင့် နှစ်ဆန်းအချိန်ခါတွင် နှစ်ဟောင်းမှ မကောင်းသော ကြံစည်စိတ်ကူးလုပ်ရပ်များ၊ အညစ်အကြေးများကို ဆေးကြောဖယ်ရှား၍ သစ်လွင်သော နှစ်သစ်ကို မွန်မြတ်သောစိတ်ဓာတ်ဖြင့် ကြိုဆိုခြင်းပြုရန်ဖြစ်သည်။

ဒုတိယရည်ရွယ်ချက်မှာ နှစ်သစ်ကူးကျရောက်၍ ကောက်ဦးစားပွဲ ကျင်းပရာမှ တွေ့ဆုံကြခိုက်တွင် စားသောက်နေထိုင်မှု၊ နောင်အခါများအတွက် လုပ်ကိုင်စားသောက်မှုတို့ကို အချင်းချင်းညှိနှိုင်းအကြံပေးခြင်း၊ အချင်းချင်း ကူညီပေးမှုများပြုခြင်းဖြစ်ပြီး တတိယရည်ရွယ်ချက်မှာ ကောက်ဦးစားပွဲကို တပျော်တပါးဆင်နွှဲ၍ အချင်းချင်း သွေးစည်းချစ်ကြည်မှုကို တိုးတက်တည်ဆောက်နိုင်ရန် ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကရင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်၊ သံနှင့် ကြေးခေတ်ယဉ်ကျေးမှုများ၊ ပျူ ပုဂံ၊ ဟံသာဝတီနှင့် ကုန်းဘောင်ခေတ် ယဉ်ကျေးမှုများ၊ စာပေပြခန်း၊ တိုင်းရင်းသားမျိုးနွယ်စုပြခန်း၊ ရိုးရာဓလေ့ပြခန်း၊ ဗုဒ္ဓအနုပညာပြခန်းနှင့် ရှေးဟောင်းအမွေအနှစ် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဘားအံတက္ကသိုလ်၌ ဘားအံတက္ကသိုလ်၊ အစိုးရနည်းပညာတက္ကသိုလ်၊ အစိုးရကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ စက်မှုအထက်တန်းကျောင်းနှင့် စိုက်ပျိုးရေး အထက်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ရရှိခဲ့သည့်အောင်မြင်မှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီးနောက် ပြည်သူက ရွေးချယ်သည့် အစိုးရသစ်အား တည်ငြိမ်အေးချမ်းစွာ တာဝန်လွှဲပြောင်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ပညာရေးကဏ္ဍကသာ ဖြည့်ဆည်းပေးနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများကို ပညာတတ်အောင်၊ မိမိဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာကို အသုံးချတတ်အောင် သင်ကြားပေးရန်လိုအပ်မှု၊ ကျောင်းသား ကျောင်းသူများကို စည်းကမ်းကောင်းအောင်၊ ကိုယ်ကျင့်တရား ကောင်းအောင်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိအောင် သင်ကြားပေးရန် လိုအပ်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် မြရွှေဝါကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြရွှေဝါကျောင်းဆောင်သစ်ကို ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြရွှေဝါကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် မြရွှေဝါကျောင်းဆောင်သစ်သည် အလျားပေ ၁၃၀၊ အနံပေ ၃၀၊ အာစီကွန်ကရစ်နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ပုံငွေကျပ်သန်း ၁၄၀ ဒသမ ၄၀၀ အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရွှေယဉ်မျှော်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ပြည်နယ်ခေတ္တဝန်ကြီးချုပ်က ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ဖျော်ဖြေတင်ဆက်ကြသည့် ဘားအံမြို့နယ် ဂီတအစည်းအရုံးဝင်များနှင့် ဘားအံပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး တစ်ဖွဲ့လျှင် ငွေကျပ် ၂၅ သိန်းစီ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြရွှေဝါကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (ပြန်/ဆက်)

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉) ကော်လံ (၁) **‘တိုင်းရင်းသားကျေးရွာရှိ အလုံပိတ်တဲများအား ပိတ်သိမ်း’**သတင်းခေါင်းစဉ်ပါ စာပိုဒ်(၃)တွင် **‘ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် စုစုပေါင်း ၁၁၇ ဧကရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Fair Trade Co.,Ltd သို့ B.O.T စနစ်ဖြင့် မြေဧရိယာ ၁၀ ဧကကို နှစ် ၃၀ ထပ်မံငှားရမ်းထားကြောင်း သိရသည်’** အစား **‘ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် စုစုပေါင်း ၁၁၇ ဧကရှိပြီး ယခင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနလက်ထက်တွင် Fair Trade Co.,Ltd သို့ B.O.T စနစ်ဖြင့် မြေဧရိယာ ၁၀ ဧကအား MIC သဘောတူညီချက်ဖြင့် (၁၉၉၉ခုနှစ်မှ ၂၀၂၉ ခုနှစ်ထိ) နှစ် ၃၀ နှစ်ရှည်ငှားရမ်းထားခြင်းဖြစ်ကြောင်း သိရှိရသည်။’**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**

# MPU Credit စနစ်ပါဝင်သည့်ကတ်များ ဖေဖော်ဝါရီလတွင် အသုံးပြုနိုင်မည်

နိုင်ငံတကာတွင် တွင်ကျယ်စွာ အသုံးပြုနေသော Credit ကတ်ဖြင့် ငွေပေးချေနိုင်သော စနစ်ကို မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလမှစ၍ အသုံးပြုနိုင်ရန် စီစဉ်လျက်ရှိသည်ဟု ဧရာဝတီဘဏ်မှ သိရသည်။

Credit ကတ်ဆိုသည်မှာ ကြိုတင်သတ်မှတ်ထားသော ငွေပမာဏကို သတ်မှတ်ထားသော အတိုးနှုန်းဖြင့် ချေးယူအသုံးပြုနိုင်သော ကတ်အမျိုးအစားဖြစ်သည်။ ယင်းကတ်ဖြင့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းများ၊ စိန်ရွှေရတနာဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ အစရှိသော စီးပွားရေးလုပ်ငန်းများတွင် ငွေသားကိုင်ဆောင်စရာမလိုဘဲ ပေးချေနိုင်သည်။

ထို့ကြောင့် ဧရာဝတီဘဏ်နှင့်ဆက်သွယ်၍ အဆိုပါ Credit ကတ်အကြောင်းနှင့် အသုံးပြုပုံများကို တွေ့ဆုံမေးမြန်းခဲ့သည်။




**မေး- အစ်မနာမည်နှင့် တာဝန်ယူရတဲ့အပိုင်းကို ပြောပြပေးပါ။**

ဖြေ-အစ်မက နန်းစောခမ်းဖြူပါ။ ဧရာဝတီဘဏ် ကတ်ဌာနရဲ့ ဒုတိယအထွေထွေမန်နေဂျာပါ။

**မေး-ဟုတ်ကဲ့။ Credit ကတ်အကြောင်းကို အရင်ဆုံးရှင်းပြပေးပါ။**

ဖြေ-Credit ကတ်ဆိုတာကတော့ အကြွေးဝယ်ကတ်ဆိုတာ အားလုံးသိနားလည်ကြပါတယ်။ နိုင်ငံတကာမှာတော့ Credit ကတ်ကို အမျိုးအစားနှစ်မျိုးနဲ့ အသုံးပြုကြတယ်။ ပထမအမျိုးအစားက Credit ပေးမယ့် သက်ဆိုင်ရာဘဏ်ရဲ့ မူဝါဒနဲ့ လမ်းညွှန်ချက်တွေအတိုင်း သုံးစွဲတဲ့သူရဲ့ နောက်ခံသမိုင်း၊ ငွေကြေးခိုင်မာမှု၊ အာမခံမယ့်သူရဲ့ ဝင်ငွေရရှိမှုအခြေအနေ အစရှိတဲ့ အချက်အလက်တွေပေါ် မူတည်ပြီး သုံးစွဲနိုင်မယ့် ငွေပမာဏကို သတ်မှတ်ပေးထားတဲ့ Unsecured Credit ကတ်ဖြစ်တယ်။ ဒီကတ်က အာမခံငွေသွင်းထားစရာမလိုပါဘူး။

ဒုတိယအမျိုးအစားက Secured Credit ကတ်ပါ။ ဒီကတ်က Credit အသုံးပြုတဲ့ နောက်ခံသမိုင်းမရှိသေးတဲ့ သူတွေအတွက် သတ်မှတ်ထားတာပါ။ ကတ်အသုံးပြုမယ်ဆိုရင် ဘဏ်မှာ စာရင်းသေအပ်ငွေကို အာမခံအဖြစ်ထားရှိပေးရမယ်။ ဒါကြောင့် နိုင်ငံတကာမှာ အကြောင်းအမျိုးမျိုးကြောင့် Unsecured ကတ်ကို အသုံးပြုခွင့်မရရှိသေးတဲ့သူတွေကို ကနဦးအနေနဲ့ ဘဏ်ကနေ အချိန်ကာလတစ်ခုအထိ Secured ကတ်ကို စတင်အသုံးပြုစေပြီးမှ Unsecured ကတ်ကို အသုံးပြုခွင့်ပေးကြပါတယ်။

**မေး- ဒါဆို ဧရာဝတီဘဏ်အနေနဲ့ကကော ကတ်အမျိုးအစားနှစ်မျိုးလုံး ထုတ်သွားဖို့ရှိလား။**

ဖြေ-ခုလောလောဆယ်တော့ ပထမအမျိုးအစားဖြစ်တဲ့ Unsecured ကို အရင်ထုတ်သွားမယ်။ နောက်ပိုင်း အခြေအနေပေါ်မူတည်ပြီး Secured ကတ်ကိုလည်း ပြန်ထုတ်သွားဖို့ရှိပါတယ်။

**မေး- Unsecured Credit ကတ်ကို အရင်ထုတ်မယ်ဆိုတော့ အရင်ဆုံး အာမခံငွေသွင်းထားစရာမလိုဘူး။ ဒါဆို ဘယ်လိုလူမျိုးတွေက ဘယ်လောက်ကြိုတင်သုံးစွဲခွင့် ရနိုင်မလဲ။**

ဖြေ- ဝင်ငွေပြနိုင်မယ့်သူ မည်သူမဆို ကတ်ကို အသုံးပြုနိုင်ပါတယ်။ အဓိကက လစာပေါ်အခြေခံပြီး တွက်ချက်တာဆိုတော့ အများဆုံး ဝင်ငွေရဲ့ ၃ ဒသမ ၅ ရာခိုင်နှုန်းထိ ကြိုတင်သုံးစွဲခွင့်ရရှိမှာပါ။ ဥပမာ လစဉ်ဝင်ငွေ အထောက်အထား ကျပ်နှစ်သိန်းပြနိုင်ရင် ခုနစ်သိန်းထိ ကြိုတင်သုံးစွဲခွင့်ရရှိမှာပါ။ အစ်မတို့အနည်းဆုံး သုံးသိန်းကနေ အများဆုံး သိန်း ၅၀ ထိ သတ်မှတ်ထားပါတယ်။

**မေး-ဟုတ်ကဲ့ပါအစ်မ။ အသုံးပြုပြီးရင်ကော အားလုံးပြန်ဆပ်ရမှာလား။ ခွဲဆပ်ရမှာလား။ အတိုးနှုန်းက တစ်လကို ဘယ်လောက်သတ်မှတ်ထားလဲ သိချင်ပါတယ်။**

ဖြေ-Credit Card ကို ထုတ်ပြီးရက်ကနေ ရက်ပေါင်း ၅၀ ထိ အတိုးကင်းလွတ်ခွင့်ပေးထားပါတယ်။ ကင်းလွတ်ခွင့်ကာလအတွင်းမှာ သုံးစွဲခဲ့တဲ့ငွေပမာဏအပြည့်ကို ပြန်ဆပ်မယ်ဆိုရင် အတိုးပေးစရာ မလိုပါဘူး။ ဒါမှမဟုတ်ဘဲ ကင်းလွတ်ခွင့်ကာလကျော်လွန်မှ အနည်းဆုံးပေးချေရမယ့် ငွေပမာဏကိုသာပေးမယ်ဆိုရင် ကျန်ရှိနေတဲ့ငွေပမာဏပေါ်မှာ တစ်လကို အတိုးနှုန်း ၁ ဒသမ ၀၈ ရာခိုင်နှုန်း ကောက်ခံသွားမှာပါ။

**မေး-အနည်းဆုံးပေးဆပ်ရမယ့် ငွေပမာဏကကော ဘယ်လောက်လဲ သိချင်ပါတယ်။**

ဖြေ-အတိုးကင်းလွတ်ခွင့်ကျော်လွန်မှ ပေးဖို့ကျန်နေသေးတဲ့ပမာဏရဲ့ စုစုပေါင်း ၁၀ ရာခိုင်နှုန်း၊ ဒါမှမဟုတ် ငွေကျပ် ၁၀၀၀၀ ကို အနည်းဆုံးပေးရမှာပါ။ အကြောင်းအမျိုးမျိုးကြောင့် အနည်းဆုံးပေးရမယ့် ပမာဏအောက်ကိုသာ ပေးမယ်ဆိုရင် ကျန်တဲ့ပမာဏကို နောက်ကျကြေး နှစ်ရာခိုင်နှုန်းနဲ့အတူ ဆပ်ရန်ကျန်ရှိနေသေးတဲ့ ပမာဏရဲ့ နောက်လစာရင်းရှင်းတမ်းမှာ အတိုးပေါင်းပြီး ကောက်ခံသွားမှာပါ။ ဒါမှမဟုတ် သတ်မှတ်ထားတဲ့ အနည်းဆုံးပမာဏကို မပေးချေဘူးဆိုရင်တော့ အဲဒီလအတွက်ပေးရမယ့် ပမာဏပေါ်မှာ အနည်းဆုံးအတိုးနှုန်း နှစ်ရာခိုင်နှုန်း ဒါမှမဟုတ် ငွေကျပ် ၁၀၀၀၀ ကို နောက်ကျကြေးအဖြစ် လစဉ်ပေးဆောင်သွားရမှာပါ။

**မေး-လစဉ်ငွေစာရင်းရှင်းတမ်းတွေကိုကော အလွယ်တကူ ဘယ်လိုသိရှိနိုင်မှာလဲ။**

ဖြေ-ငွေစာရင်းရှင်းတမ်းတွေကို အသုံးပြုတဲ့သူတွေရဲ့အီးမေးလ်စာတွေထဲကို အစ်မတို့က လစဉ်ပို့ပေးမှာပါ။

အဲဒီမှာ ကောင်းတဲ့အချက်က ဒီကတ်ကို သုံးပြီး တစ်လအတွင်းမှာ ငွေဘယ်လောက်သုံးမိခဲ့လဲ၊ ဘာတွေဝယ်ခဲ့လဲဆိုတာ သုံးစွဲသူက အသေးစိတ်ကို လစဉ်အလွယ်တကူသိရှိနိုင်တယ်။

**မေး-ဟုတ်ကဲ့အစ်မ။ Credit Card တွေက နိုင်ငံတကာမှာသာ တွင်ကျယ်စွာ အသုံးပြုနေကြတာမှန်ပေမယ့် မြန်မာနိုင်ငံမှာက ခုမှ ကတ်နဲ့စသုံးရမှာဆိုတော့ ဘယ်နေရာတွေမှာ အသုံးပြုလို့ရနိုင်မှာလဲ သိချင်ပါတယ်။**

ဖြေ-ခုလောလောဆယ် ပြည်တွင်းမှာ MPU တံဆိပ်ကပ်ထားတဲ့ ဈေးဆိုင်၊ စားသောက်ဆိုင်၊ ကုန်တိုက်တွေမှာ အသုံးပြုလို့ရပါတယ်။ နောက်ထပ်လည်း လုပ်ငန်းတော်တော်များများမှာ အသုံးပြုလို့ရနိုင်အောင် ချိတ်ဆက်ဆောင်ရွက်နေပါတယ်။

**မေး-ကတ်ကို အသုံးပြုဖို့ လျှောက်ထားမယ်ဆို ဘာတွေလိုအပ်မလဲ။ ဘယ်လောက်ကြာနိုင်လဲ။**

ဖြေ- လျှောက်ထားရမယ့်သူတွေက အသက် (၂၁) နှစ်ပြည့်ပြီးတဲ့ မြန်မာလူမျိုး၊ အမြဲတမ်းနေထိုင်ခွင့်ရသူ ဖြစ်ရမယ်။ လခစားဝန်ထမ်း၊ ကိုယ်ပိုင်လုပ်ငန်းရှင်၊ အငြိမ်းစားဝန်ထမ်းတွေ လျှောက်လို့ရပါတယ်။ ဝင်ငွေကို ပြနိုင်မယ့် စာရွက်စာတမ်း၊ အိမ်ထောင်စုစာရင်း၊ ကုမ္ပဏီထောက်ခံချက်အပြင် ထောက်ခံပေးမယ့်သူနှစ်ဦး စတာတွေလိုအပ်ပါတယ်။ ပြည့်စုံတဲ့လျှောက်လွှာ၊ စာရွက်စာတမ်းတွေကို အစ်မတို့ စိစစ်ဖို့အတွက် ၁၄ ရက်အချိန်ယူပါတယ်။ ကတ်ရပြီဆိုရင် အစ်မတို့ ဖုန်းဆက်ပြီး အကြောင်းကြားပေးပါတယ်။

**မေး-ဟုတ်ကဲ့။ ကတ်ကို မိသားစုအလိုက် ဆင့်ပွားပြီးကော သုံးလို့ရနိုင်လား။**

ဖြေ-ဟုတ်၊ ရပါတယ်။ မိသားစုဝင်တွေက ကိုယ်ပိုင်ကတ်တစ်ကတ်စီနဲ့ အဓိက ငွေပြန်ဆပ်မယ့် အိမ်ထောင်ဦးစီးရဲ့ကတ်ကနေ မိသားစုလေးဦးအထိပွားပြီး အသုံးပြုလို့ရပါတယ်။


ဒုတိယအထွေထွေ မန်နေဂျာနန်းစောခမ်းဖြူ

**မေး-ဟုတ်ကဲ့ အစ်မ။ ကတ်တန်ဖိုးကို ဘယ်လောက်သတ်မှတ်ထားလဲ သိချင်ပါတယ်။ ကတ်အခိုးခံရတာ၊ ကတ်ပျောက်၊ ကတ်ပျက်သွားတာတွေအတွက် ဘယ်လိုဆောင်ရွက်ပေးသွားမလဲ သိချင်ပါတယ်။**

ဖြေ- ဧရာဝတီဘဏ်ရဲ့ MPU Credit ကတ်ကို အခမဲ့လျှောက်ထားနိုင်ပါတယ်။ ကတ်အခိုးခံရပြီဆိုရင် ၀၉-၄၂၀၀၅၅၅၈၂ကို ချက်ချင်းဆက်သွယ် အကြောင်းကြားပါ။ ဒါမှမဟုတ် နီးစပ်ရာ ဧရာဝတီဘဏ်ခွဲတွေကို အကြောင်းကြားပါ။ ကတ်အသစ်ပြန်လျှောက်မယ်ဆိုရင်တော့ ငွေကျပ် ၃၀၀၀၀ ကျမှာပါ။ လျှို့ဝှက်နံပါတ်ပြောင်းမယ်ဆိုရင် ငွေကျပ် ၁၀၀၀၀ ကျခံရမှာပါ။

**မေး-အစ်မအနေနဲ့ ဧရာဝတီဘဏ် MPU Credit ကတ်နဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားချင်တာများ ရှိပါသလား။**

ဖြေ-ဒီကတ်ကို ထုတ်ဖြစ်တာက အစ်မတို့ မြန်မာလူမျိုးတွေရဲ့ ဘဝနေထိုင်မှုပုံစံကို ချိန်းပေးချင်တာပါ။ ကတ်နဲ့ငွေပေးချေတဲ့ စနစ်ဆိုတာ နိုင်ငံတကာမှာ တွင်တွင်ကျယ်ကျယ်ကို အသုံးပြုနေကြတာလေ။ အခုကတ်ကတော့ ပြည်တွင်းမှာပဲ အသုံးပြုနိုင်တာပေါ့။ ဒါအစ်မတို့ ပထမခြေလှမ်းပါ။ နောက်ကျရင် ပြည်ပထိပါ သယ်သွားလို့ရတဲ့ ကတ်ကိုလည်း အစ်မတို့ ထုတ်သွားဖို့ရှိပါတယ်။ **(ခင်ဇာလီ)**

# ညပိုင်းငှက်ရှာဖမ်းသူများကြောင့် ကျေးလက်ဒေသများတွင်ငှက်များရှားပါးလာ

**ရေတာရှည် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသများတွင် ညစဉ်ညတိုင်း ငှက်ရှာဖမ်းသူများ ပိုမိုများပြားလျက်ရှိပြီး သဘာဝအတိုင်း ကျင်လည်ကျက်စားနေသော ငှက်မျိုးတော်တော်များများမှာ တွေ့ရှိရခြင်းမရှိတော့ကြောင်း ကျွမ်းကျင်သူအချို့က ပြောသည်။

ဈေးကွက်တွင် ဝယ်ယူစားသုံးသူများပြားသည့် ငုံး၊ ချိုး၊ ရေဘဲ၊ ဗောင်တုတ်၊ ရေဒေါင်း အစရှိသည့်ငှက်များအပြင် ကြံစိုက်ခင်းများတွင် အိပ်လေ့ရှိသော ပျံလွှားငှက်များကို ထောင်ပိုက်၊ မျှားသေနတ်၊ လေးခွများဖြင့် ညလုံးပေါက် ရှာဖွေဖမ်းဆီးကြခြင်းဖြစ်ကြောင်း သိရသည်။

"မနက်ဆိုရင် ငှက်တွေလာရောင်းတယ်။ ငုံးနှစ်ကောင်ကို ကျပ် ၅၀၀၊ ချိုးတစ်ကောင်ဆိုရင် ကျပ် ၅၀၀ နဲ့ ရောင်းကြတယ်။ မြို့မှာတင်မဟုတ်ဘူး၊ ရွာတွေမှာလည်း ဝယ်စားကြတာများတယ်"ဟု အေးသာယာကျေးရွာမှ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ကျေးလက်ဒေသနေသူ လက်လုပ်လက်စားများအနေဖြင့် ညပိုင်းအပိုဝင်ငွေရရှိရန် ငှက်များကို ရှာဖွေဖမ်းဆီးခြင်းအပြင် လယ်ကွက်များကို ထောင်ဖမ်း၍ တစ်ဆယ်သားလျှင် ကျပ်ငါးရာနှုန်းဖြင့် ပြန်လည်ရောင်းချကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာ၌ အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်

**ဆိပ်ဖြူ ဇန်နဝါရီ ၁၀**

အမျိုးသမီးများ၏ ဘဝမြင့်တင်ရေးအတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သည့် စက်ချုပ်သင်တန်းကို ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု မြင်ကဝကျေးရွာ၌ သင်တန်းသူ ၂၅ ဦးအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှစ၍ ဇန်နဝါရီ ၁၆ ရက်ထိ တစ်လတာ ကျေးရွာများအရောက် ကွင်းဆင်း၍ သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များနှင့် ကျေးလက်ရှိပြည်သူများ လူကုန်ကူးမှုမခံရရေး၊ အိမ်တွင်းမှုလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုရန်၊ အမျိုးသမီးများ၏ ဘဝရပ်တည်နေနိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ လူမှုဘဝရပ်တည်နေနိုင်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးလျက်ရှိသည်။

**ကိုမျိုး(ယောရော)**



# ရထားစီးနိုင်ငံခြားသားဧည့်သည်များအား သွားလိုသည့်မြို့သို့ လမ်းညွှန်ဆောင်ရွက်ပေး

**မော်လူး ဇန်နဝါရီ ၁၀**

မန္တလေး-မြစ်ကြီးနားမီးရထားလမ်းရှိ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားဘူတာနှင့်အင်းတော်ဘူတာကြား ရထားမိုင်တိုင်အမှတ် (၅၈၇/၂၀) နှင့် (၅၈၇/၁၉) ကြား ရထားအမှတ် ၉၃၄ အစုန်ကုန်ရထားတွဲ ၅ တွဲအနက် တွဲတစ်တွဲသည် ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းက ဘီးချော်ပြီး ကျန်လေးတွဲမှာ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ထိုသို့ဖြစ်ပွားမှုကြောင့် အမှတ် ၅၅အဆန်ရထားအား မဲဇာဘူတာတွင်ရပ်နားထားပြီး ၄၂ အစုန်ဒုတိယအမြန်ရထားအား နဘားဘူတာ၌ရပ်နားခဲ့သည်။

အမှတ် ၅၆ အစုန်ရထားတွင် အမေရိကန်နိုင်ငံသားနှင့် အင်္ဂလန်နိုင်ငံသား ခြောက်ဦးပါရှိကြောင်း ရထားတွဲထိန်းကြီးကြပ်စိုးမင်းထွေးက မော်လူးဘူတာတာဝန်ခံရုံပိုင်ကြီး ဦးစိုးလင်းထံအကြောင်းကြားခဲ့ရာ ၎င်းမှ တစ်ဆင့် မော်လူးနယ်မြေရဲကင်းရဲတပ်ဖွဲ့စခန်းသို့ ထပ်မံ၍ အကြောင်းကြားခဲ့သည်။

မော်လူးနယ်မြေခံရဲတပ်ဖွဲ့မှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဝေမိုးနှင့် တပ်ဖွဲ့ဝင်များက နိုင်ငံခြားသားများသွားလိုသည့်မြို့သို့လမ်းညွှန်ဆောင်ရွက်ပေးခဲ့သည်။ ရထားလမ်းပိုင်းဖွင့်နိုင်ရေးကို ကောလင်းကရိန်းရထား၊ မိုးညှင်းကရိန်းရထား၊ အင်းတော်-နဘားရှိ အင်ဂျင်နီယာနှင့်လမ်းလုပ်သားများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ခင်မောင်ဆွေ)**

# ဟောလီဝုဒ်ရဲ့ဝင်ငွေအကောင်းဆုံးသောမင်းသား ဟယ်ရီဆင်ဖော့ဒ်



ဟောလီဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဟယ်ရီဆင်ဖော့ဒ် ပါဝင်ရိုက်ကူးထားတဲ့ သိပ္ပံစွန့်စားခန်းရုပ်ရှင် "Star Wars"ဟာ လတ်တလော ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေထဲမှာ ဝင်ငွေအရ ထိပ်ဆုံးကရပ်တည်နေကာ စံချိန်ချိုးလျက်ရှိပါတယ်။ ယင်းရုပ်ရှင်ရဲ့အောင်မြင်မှုနဲ့အတူ ခေါင်းဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ဟယ်ရီဆင်ဖော့ဒ်ရဲ့ ဝင်ငွေဟာလည်း လတ်တလောမှာ သူ့ကို ဟောလီဝုဒ်ရဲ့ ဝင်ငွေအကောင်းဆုံးသောမင်းသားတစ်ဦးအဖြစ်ကို ရောက်ရှိစေခဲ့ကြောင်း အမ်တီဗွီဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့လအတွင်းက စတင်ပြီး ကမ္ဘာတစ်ဝန်းမှာ ရုံတင်ပြသခဲ့တဲ့ "Star Wars" ရုပ်ရှင်သစ် "The Force Awakens"ဟာ ထွက်ရှိပြီးသမျှသော "Star Wars"ရုပ်ရှင်ဟောင်းနှစ်ခုလုံးထက် ဝင်ငွေသာလွန်ခဲ့ပါတယ်။ ဒီရုပ်ရှင်ဟာ မင်းသားဟယ်ရီဆင်ဖော့ဒ်ရိုက်ကူးခဲ့သမျှ ရုပ်ရှင်တွေထဲမှာလည်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။

ဟယ်ရီဆင်ဖော့ဒ်ဟာ သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက်ရုပ်ရှင်ဇာတ်ကားပေါင်း ၄၁ ကားရိုက်ကူးခဲ့ကာ ယင်းရုပ်ရှင်များမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံရရှိခဲ့ပါတယ်။ "Star Wars" ရုပ်ရှင်ကားများမှဝင်ငွေ အမေရိကန်ဒေါ်လာ ၇၈၁ဒသမ ၁သန်းရရှိခဲ့ပြီး နောက်ဆုံးရုံတင်ခဲ့သည့်ရုပ်ရှင် "The Force Awakens"မှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၅ သန်းရရှိခဲ့ပါတယ်။

မင်းသားဆန်မြူရယ်အယ်လ်ဂျက်ဆန်ကတော့ ဝင်ငွေအမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီဘီယံရရှိထားပြီး ဒုတိယဝင်ငွေအကောင်းဆုံး မင်းသားအဖြစ် ရပ်တည်နေပါတယ်။

# CCTVရုပ်သံလိုင်းရဲ့နှစ်သစ်ပွဲတော်ကို တက်ရောက်ခွင့်ရခဲ့တဲ့ တစ်ခုတည်းသော ကေပေါ့ပ်တေးဂီတအဖွဲ့



တောင်ကိုရီးယားရဲ့ ထိပ်တန်းအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တွေထဲက တစ်ခုဖြစ်တဲ့ "Girls' Generation"ဟာ ဖေဖော်ဝါရီ ၈ ရက်မှာ ကျင်းပမယ့် တရုတ်ထိပ်တန်းရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ CCTV ရုပ်သံလိုင်းရဲ့ နှစ်သစ်ကူးတွေ့ဆုံပွဲကို တက်ရောက်ဖို့ ဖိတ်ကြားခံခဲ့ရပါတယ်။

အဆိုပါ ပွဲတော်ဟာ တရုတ်အနုပညာရှင်များအနက် ကျော်ကြားတဲ့သူတွေကိုသာ ဖိတ်ကြားတက်ရောက်စေတဲ့ပွဲဖြစ်ပြီး တောင်ကိုရီးယားအနုပညာရှင်များအနက် "Girls' Generation"အဖွဲ့ကို ပထမဦးဆုံး ဖိတ်ကြားခဲ့တာပါ။ အခြားသော အာရှအနုပညာရှင်တွေကိုတော့ ဖိတ်ကြားထားခြင်းရှိ မရှိ ဖော်ပြထားခြင်း မရှိပါဘူး။

"Girls' Generation"က ယင်းတွေ့ဆုံပွဲမှာ အဖွဲ့ရဲ့ နာမည်ကျော်တေးသီချင်းတွေဖြစ်ကြတဲ့ "Gee"eJU "Lion Heart"ကဲ့သို့သော တေးသီချင်းတွေကို ဖျော်ဖြေသွားရန်စီစဉ်ထားတယ်လို့လည်း အောလ်ကေပေါ့ပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ❐

# ဖျော်ဖြေရေးစင်မြင့်ပေါ်မှာ မျက်ရည်ကျခဲ့ရတဲ့ မက်ဒေါနား



ပေါ့ပ်ဘုရင်မရယ်လို့ တင်စားခေါ်ဝေါ်ခံရတဲ့ အဆိုတော်မက်ဒေါနားဟာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ (ဇန်နဝါရီ ၆ ရက်) က မက္ကဆီကိုမှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ဖျော်ဖြေရေးပွဲစဉ်တစ်ခုမှာ ယခုအချိန်ဟာ သူ့ဘဝ ရဲ့ အခက်ခဲဆုံး၊ အပင်ပန်းဆုံးသော အချိန်ဖြစ်နေရကြောင်း မျက်ရည်တွေကြားကနေ ရင်ဖွင့်ခဲ့ပါတယ်။

လတ်တလောမှာ မက်ဒေါနားရဲ့ သားဖြစ်သူ ရော့ကိုဟာ မိခင်ရဲ့ အုပ်ထိန်းမှုအောက်ကနေ လွတ်မြောက်လိုတဲ့အတွက် ဖခင်ဖြစ်သူ မက်ဒေါနားရဲ့ ခင်ပွန်းဟောင်း ဒါရိုက်တာ ဂိုင်းရစ်ချီနေထိုင်ရာ လန်ဒန်ကို သွားရောက်နေထိုင်လျက်ရှိပါတယ်။ မက်ဒေါနားက သားဖြစ်သူကို ပြန်လာဖို့ တောင်းဆိုခဲ့ပေမယ့် ပြန်မလာတာကြောင့် တရားရုံးကနေ တစ်ဆင့် ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် အသက် (၁၅)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရော့ကိုအတွက် ဖခင်ဘက်က ရှေ့နေတွေကလည်း သားဖြစ်သူ လန်ဒန်မှာ ဆက်လက်နေထိုင်နိုင်ရေး ကြိုးပမ်းခဲ့ကြရာ ယခုအချိန်အထိတော့ တိကျတဲ့ အဖြေတစ်ခု မပေါ်ထွက်သေးပါဘူး။

ရော့ကိုက သူ့အနေနဲ့ သာမန်ဆယ်ကျော်သက်တစ်ဦးလို နေထိုင်လိုတဲ့အတွက် အစစအရာရာချုပ်ချယ်လွန်းတဲ့ မိခင်ဖြစ်သူနဲ့ အတူမနေထိုင်လိုခြင်းဖြစ်ကြောင်း ဆိုခဲ့ပါတယ်။

မက်ဒေါနားဟာ ရော့ကိုအိမ်ကနေထွက်သွားပြီးနောက်ပိုင်း သားဖြစ်သူရဲ့ ဓာတ်ပုံဟောင်းတွေကို သူ့ရဲ့ လူမှုကွန်ရက် မီဒီယာပေါ်မှာ ဆက်တိုက်ဖော်ပြခဲ့ပါတယ်။

ယခုလ တစ်လလုံးဟာလည်း မက်ဒေါနားရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ် "Rebel Heart"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေ ဆက်တိုက်လုပ်နေရပြီး မက်ဒေါနားအတွက် တကယ့်ကို ပင်ပန်းရတဲ့ အချိန်ကာလတစ်ခု ဖြစ်ခဲ့ရပါတယ်။

**အေးပြည့်**
**စုစည်းရေးသားသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁ - ၁ - ၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၃၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၅ "လူမှန်နေရာမှန်" (အပိုင်း-၂)
၂း၀၀ Tasty Trip (ကရင်ရိုးရာဝတ်စုံများနှင့် ဖိုးတခေတ်ရွာ)
၂း၃၀ ဂီတတံခါးလေးဖွင့်ပါဦး
၃း၃၅ အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(အထူးပြုအားလုံး-အင်္ဂလိပ်စာမှလွဲ၍) (အင်္ဂလိပ်စာ)
၄း၁၅ စိမ်းစိုသည့်သစ်တော အေးမြသည့် ရေပြင်သဘာဝ၏ ရင်ခွင်
၅း၃၅ လူမှုစီးပွားမြင်ကွင်းများ
၆း၃၅ Yes or No Talk Show (Male or Female) (Part-1)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း- ၄၅)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -၂၀၁၅-၂၀၁၆ ခုနှစ် အားကစားကာယသိပ္ပံကျောင်းများ၏ အားကစားပြိုင်ပွဲများ -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၆၅) -ပြည်သူ့နီတိ "ပင်အို" (အကယ်ဒမီဇော်ဦး၊ ချမ်းသာ၊ အိမ့်ကြာဖြူ) (ဒါရိုက်တာ-မိုးဇော်ကို)

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀ "ဝိပဿနာကျင့်စဉ် အလုပ်ပေးတရား" (အပိုင်း-၃)တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၈)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (AGD Bank Signing Ceremony Core Banking Finacle of Infosys Technology)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၉၁)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၁၅ သွားမယ် စားမယ် [Feel Cafe' (Part-2)]
၁၁း၄၀ Forever Music Tribute Bossa (အပိုင်း-၄) (ပထမပိုင်း)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၃)
၁၂း၃၀ တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက သာသနဇ္ဇအာဇာနည် သုတဗုဒ္ဓဆရာတော် အရှင်မြတ် ဥပါးတို့အား "ပူဇော်ပွဲအခမ်းအနား" (အပိုင်း-၁)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၄)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၉)
၇း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၅)
၈း၁၀ Drive It
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၉၂)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၄)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၁၅ MRTV-4 Stage
၁၀း၄၀ World of Knowledge (Dog Whisperer : Desert Bull Dogs)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ ရှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈း၃၅ မြဝတီနေ့စဉ်သတင်း
၉း၁၀ သူနှင့်သူ၏သီချင်းများ
၄း၀၅ တစ်ပတ်အတွင်း မွေးမြူရေးသတင်း
၄း၁၅ မျိုးချစ်တပ်မတော်
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ဂန္ထဝင်မြောက်အမုန်း" အပိုင်း(၈၈)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရာရာထက်မင်း အပိုင်း(၅၄)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ကြယ်ကလေးတိုရဲ့ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဘဝသစ်ရဲ့လင်းရောင်စဉ် အပိုင်း(၁၈)

# စောအယ်လေး၏ ပွဲသိမ်းထိုးချက် ပရိသတ်မှင်တက်စေခဲ့




**ရန်ကုန် ဇန်နဝါရီ ၁၀**

ကရင်အမျိုးသား နှစ်သစ်ကူးနေ့(ယနေ့)တွင် နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ အင်းစိန်အားကစားကွင်း၌ ကြားပွဲ ရှစ်ပွဲ၊ အထူးပွဲ နှစ်ပွဲနှင့် အထူးစိန်ခေါ်ပွဲ တစ်ပွဲ ထိုးသတ်ကြရာ စထိုဖဆိပ်(သတ္တ)နှင့် စောကနက်(ထော့မဲပါ) တို့၏ပွဲသည် ပရိသတ်အကြိုက်တွေ့စေသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

အထူးစိန်ခေါ်ပွဲဖြစ်သည့် စောအယ်လေး(ရွှေကုက္ကို)နှင့် ရွှေရာမာန်(ရွှေဒေါ်ပုံ) တို့၏ ငါးချီ စိန်ခေါ်ပွဲ၏ ဆွဲဆောင်မှုသည် ပရိသတ်များအတွက် အထူးစိတ်ဝင်စားဖွယ်ရာ ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲ ဖြစ်ခဲ့သည်။

ပွဲစစချင်း လက်ဝှေ့ဝါသနာရှင်များပင် ခန့်မှန်းရခက်လောက်အောင် ရွှေရာမာန်(ရွှေဒေါ်ပုံ)၏ ထိုးချက်၊ ခြေကန်ချက်တို့သည် အလွန်ထိရောက် ကောင်းမွန်နေခဲ့သည်။ လေးချီမြောက် ထိုးသတ်ပြီးသည်အထိ စောအယ်လေး(ရွှေကုက္ကို)သည် တစ်ချက်ကောင်း၊ တစ်လုံးကောင်း လက်သီးထိုးချက်များကိုသာ အသုံးပြုခဲ့ပြီး ပြိုင်ဘက်၏ အားနည်းချက်အားအနာခံ၍ ရှာဖွေနေခဲ့သည်။

ငါးချီမြောက်အစ ၄၂ စက္ကန့်တွင် စောအယ်လေး၏ ပြင်းထန်သည့် လက်သီးချက်ကြောင့် ရွှေရာမာန်အား မျှော်လင့်ထားခဲ့ကြသည့် ပရိသတ်အတွက် မှင်တက်သွားစေခဲ့သည်။ အနာခံထိုးခဲ့ပြီး စိတ်ရှည်စွာပြိုင်ဘက်၏ အားနည်းချက်ကို စောင့်ထိုးနိုင်ခဲ့သည့် စောအယ်လေး(ရွှေကုက္ကို) အနိုင်ရရှိသွားသည်။

**(ကျော်မင်းစိုး)**

# တိုက်စစ်မှူး ဖယ်လ်ကာအိုအား မိုနာကို ပြန်ခေါ်မည် မဟုတ်ဟုဆို

ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းသည် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း၌ အငှားချထားသည့် တိုက်စစ်မှူး ဖယ်လ်ကာအိုအား မိုနာကိုအသင်းသို့ ပြန်လည်ခေါ်ယူမည်မဟုတ်ကြောင်း အတိအလင်းပြောကြား ခဲ့သည်။

တိုက်စစ်မှူး ဖယ်လ်ကာအိုသည် အက်သလက်တီကို မက်ဒရစ်အသင်းမှ မိုနာကို အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သော်လည်း ပရီမီယာလိဂ်တွင် နှစ်ရာသီကြာ အငှားဖြင့်ကစားခဲ့ရသည်။ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် မန်ယူအသင်း၌ ကစားခဲ့ရပြီး လက်ရှိတွင် ချယ်လ်ဆီးအသင်း အငှားစာချုပ်ဖြင့် ကစားလျက်ရှိသည်။

ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုသည် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းနှင့်အတူ လိဂ်ပွဲစဉ် ကိုးပွဲကစားခဲ့ပြီး ဒဏ်ရာပြဿနာကြောင့် အောက်တိုဘာလကတည်းက ချယ်လ်ဆီးအသင်းတွင် ပွဲထွက်မကစားနိုင်ခဲ့ပေ။ ဒဏ်ရာမသက်သာ သေးသောကြောင့် အရန်ခုံတွင် နောက်ထပ် နှစ်လကြာအနားယူရဦးမည်ဖြစ်ပြီး ရာသီကုန်အထိ မိုနာကိုအသင်းသို့ ပြန်လည်ခေါ်ယူမည် မဟုတ်ကြောင်း မိုနာကိုအသင်းဒုတိယဥက္ကဋ္ဌ ဗက်ဆီးယက်ဗ်က ပြောကြားခဲ့သည်။

ဖယ်လ်အိုအား အသင်းသို့ ပြန်လည်ခေါ်ယူမည်မဟုတ်သည့်အပြင် ဘရာဇီးကလပ် ကိုရင်သီယန်အသင်းမှ ဗက်နာလာ့ဗ်အား စာချုပ်ချုပ်ဆို ခေါ်ယူသွားမည်ဖြစ်ကြောင်းနှင့် ယခုတစ်ပတ်အတွင်းမှာပင် မိုနာကိုအသင်းသို့ ရောက်ရှိလာနိုင်ကြောင်းမှာပင် ဗက်ဆီးယက်ဗ်က ပြောကြားခဲ့သည်။ မိုနာကိုအသင်းသည် လက်ရှိတွင် ပြင်သစ်ပထမတန်း အမှတ်ပေး ဇယားတွင် ပီအက်စ်ဂျီအသင်းနှင့် ၂၁ မှတ် အကွာ အဆင့်(၃)နေရာ၌ ရပ်တည်လျက်ရှိသည်။

**(ငွေကြယ်)**







# ရီးယဲလ်မက်ဒရစ်အတွက် ဘင်ဇီမာ လိဂ်ဂိုး ၁၀၀ ပြည့်သွင်းယူ

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဒီပို့တီဗိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ်(၁၉)တွင် တိုက်စစ်မှူး ဘင်ဇီမာသည် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ လိဂ်သွင်းဂိုး ၁၀၀ ပြည့်သွားခဲ့ပြီဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဒီပို့တီဗိုအသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဂါရတ်ဘေးလ်နှင့် ဘင်ဇီမာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ဂါရတ်ဘေးလ်က သုံးဂိုး၊ ဘင်ဇီမာက နှစ်ဂိုးသွင်းယူပေးခဲ့သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ယခုပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းအပါအဝင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူးဘင်ဇီမာသည် နည်းပြရာဖေးလ်ဘင်နီတက်ဇ်မရှိတော့သည့်နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်ပွဲထွက်လာခဲ့ခြင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းသည်လည်း ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ ထိပ်ဆုံး၌ရပ်တည်နေသည့် ဘာစီလိုနာအသင်းနှင့် နှစ်မှတ်အကွာတွင် ရပ်တည်နိုင်ခဲ့သည်။

သို့ရာတွင် ဘာစီလိုနာအသင်းက အိမ်ကွင်းချူးကမ့်၌ ဂရန်နာဒါအသင်းကို လေးဂိုးပြတ်နိုင်ပွဲရရှိခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဖိအားတိုးသွားစေခဲ့သည်။ သို့သော် နည်းပြသစ်ဇီဒန်းလက်ထက်တွင် အကောင်းဆုံးပုံစံဖြင့် ပြန်လည်တုံ့ပြန်မည်ဟု ဆိုထားသည်။

**(ငွေကြယ်)**

# ရီးယဲလ်ရဲ့ လမ်းစဉ်ကို မန်ယူလိုက်သင့်သလား

**မေ လွဲ သင်း**

ရီးယဲလ်ကို ဇီဒန်း ပထမဆုံးကိုင်တွယ်တဲ့ ပွဲမှာပဲ ဒီပို့တီဗိုလို ခြေမာတဲ့အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိအောင်ဦးဆောင်မှုပေးနိုင်ခဲ့တာကြောင့် လောလောဆယ် အနိုင်တစ်ပွဲရဖို့တောင် ခက်ခက်ခဲခဲ ရုန်းကန်နေရတဲ့ မန်ယူအနေနဲ့ ရီးယဲလ်လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးသင့်တယ်လို့ အားကစားသုံးသပ်သူ ရော်ဘီဆာဗေ့ချ်က တိုက်တွန်းခဲ့ပါတယ်။ အခုအချိန်မှာ မန်ယူအနေနဲ့ ဗန်ဟားလ်ကို ထုတ်ပယ်ပြီး ရိုင်ယန်ဂစ်ကိုသာ ဦးဆောင်ခွင့်ပေးသင့်တယ်လို့ မန်ယူပရိသတ်အတော်များများကလည်း ယုံကြည်နေတာပါ။

မန်ယူဟာ အရင်ကပရီမီယာလိဂ်မှာ ချန်ပီယံလောင်းဆုစာရင်းထဲမှာ ထိပ်ဆုံးက ထည့်သွင်းထားခံခဲ့ရတဲ့ အသင်းဖြစ်ပေမယ့် ဖာဂူဆန် ထွက်ခွာသွားပြီးနောက်ပိုင်း ဒေးဗစ်မိုရက်စ်၊ ဗန်ဟားလ်တို့ ကိုင်တွယ်ချိန်ကစလို့ ရလဒ်ပိုင်းကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ဖာဂူဆန်ရွေးချယ်ပေးခဲ့တဲ့ မိုရက်စ်ကလည်း အသင်းရလဒ်ကို ဖရိုဖရဲဖြစ်စေခဲ့သလို၊ ဂလေဇာမိသားစုစိတ်ကြိုက် ဗန်ဟားလ်ကလည်း မန်ယူကို အခုထိ ဦးဆောင်မှုကောင်းကောင်းမပေးနိုင်သေးတာကို တွေ့ရပါတယ်။ ဗန်ဟားလ်ကျင့်သုံးတဲ့နည်းစနစ်ပိုင်းက တိုက်စစ်ကစားသမားတွေအတွက် ကစားရခက်စေသလို ကွင်းလယ်ကစားသမားတွေအနေနဲ့ လွတ်လွတ်လပ်လပ်လှုပ်ရှားနိုင်မှုကို အကန့်အသတ်ဖြစ်စေတာကြောင့် ဂိုးတစ်ဂိုးရဖို့တောင် ခက်ခက်ခဲခဲ ရုန်းကန်နေရတာပါ။

ဒါပေမယ့် အခြေအနေကို ခြေခြေမြစ်မြစ်တွေးခဲ့ရင် မန်ယူရဲ့ရလဒ်တွေ ကျဆင်းခဲ့တာဟာ မိုရက်စ်နဲ့ ဗန်ဟားလ်တို့ကြောင့်ချည်းမဟုတ်တာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဖာဂူဆန်တောင် အဲဒီအချိန်တုန်းက ပရီမီယာလိဂ်အတွေ့အကြုံလုံးဝမရှိတဲ့ မော်ရင်ဟိုရဲ့ ချယ်လ်ဆီး၊ မန်ချီနီရဲ့ မန်စီးတီးတို့ကို ပရီမီယာလိဂ်ဖလားလွှဲပြောင်းပေးခဲ့ရတဲ့ အစဉ်အလာရှိတာကြောင့် အခုအချိန်မှာ ဗန်ဟားလ်ကို ဖယ်ထုတ်ပြီး ရိုင်ယန်ဂစ်ကို ခန့်အပ်ခဲ့ရင်လည်း ရလဒ်ပိုင်းကောင်းလာမယ်လို့ ဘယ်သူမှ အာမခံနိုင်မှာမဟုတ်ပါဘူး။



၂၀၁၄ ဘောလုံးရာသီကုန်ဆုံးခါနီး မန်ယူက ဒေးဗစ်မိုယက်စ်ကို ထုတ်ပယ်ပြီး ဂစ်ကိုအစားထိုးကိုင်တွယ်စေခဲ့ရာမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိခဲ့တာကြောင့် ၅၀ ရာခိုင်နှုန်းလောက် အနိုင်ရလဒ်ရရှိအောင် ဦးဆောင်မှုပေးနိုင်တဲ့ မှတ်တမ်းတော့ ရရှိထားပါတယ်။ ဒါ့ကြောင့် ဂစ်အနေနဲ့ မန်ယူကို နည်းပြအဖြစ်ဦးဆောင်ကိုင်တွယ်ရင်လည်း ဇီဒန်းလို ကစားသမားတွေနဲ့ အပေးအယူမျှမှာဖြစ်တာကြောင့် အောင်မြင်မှာပဲလို့ ယေဘုယျအားဖြင့်တွေးထင်နေတာ ဖြစ်ပါတယ်။ ဒါပေမယ့် အသင်းကြီးတွေက ဘောလုံးရာသီတစ်ရာသီမှာ ပျမ်းမျှပွဲ ၆၀ လောက်ကစားရတာဖြစ်လို့ ဂစ်ကိုအလုံးစုံဝကွက်အပ်ဖို့ဆိုတာ လောလောဆယ်အနေအထားအရ မဖြစ်နိုင်သေးပါဘူး။

ဒါ့အပြင် ဇီဒန်းကလည်း ရီးယဲလ်ကို ကိုင်တွယ်တာအခုမှ တစ်ပွဲပဲရှိသေးသလို ရိုင်ယန်ဂစ်နဲ့ ဇီဒန်းတို့ရဲ့ အခြေအနေကလည်းမတူပါဘူး။ ဇီဒန်းဟာ မော်ရင်ဟို၊ အန်စလော့တီတို့လို အသင်းအတွက် အောင်မြင်မှုရယူပေးနိုင်ခဲ့တဲ့ နည်းပြတွေနဲ့ လက်တွဲ လုပ်ဆောင်ခဲ့ရတာဖြစ်ပြီး အချိန်ရရင်ရသလို ဂွါဒီယိုလာရဲ့ နည်းစနစ်တွေကို သွားရောက်လေ့လာတာမျိုး လုပ်ဆောင်နေသူဖြစ်ပါတယ်။ ဒါ့အပြင် ရီးယဲလ်(ခ)အသင်းကို တစ်နှစ်ခွဲလောက် ဦးဆောင်သူအနေနဲ့ စီမံခဲ့ရတာဖြစ်လို့ နည်းပြအလုပ်ကို အခုမှ နဖူးတွေ့ ဒူးတွေ့စတင်တာဝန်ယူတာဆိုပေမယ့် နည်းပြအဖြစ် ထမ်းဆောင်ဖို့ သူကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေခဲ့တာပါ။

ရိုင်ယန်ဂစ်ကတော့ အစားထိုးနည်းပြအဖြစ် ကိုင်တွယ်ခဲ့တဲ့ ကာလတိုလေးမှာတောင် မန်ယူကို ရှုံးပွဲမဲ့ အနေအထားရောက်အောင် မစွမ်းနိုင်ခဲ့ပါဘူး။ လက်ထောက်နည်းပြအဖြစ် တစ်နှစ်ခွဲလောက် တာဝန်ယူခဲ့ဖူးတဲ့အတွေ့အကြုံကလည်း အခုလို ပြိုင်ဆိုင်မှုပိုမို ပြင်းထန်လာတဲ့ ပရီမီယာလိဂ်ကို ခေါင်းဆောင်တစ်ယောက်အနေနဲ့ စီမံခန့်ခွဲခွင့်ပေးဖို့ဆိုတာ မသင့်သေးတာကြောင့်. . .။

# ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပြဌာန်း

ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄။)
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရထားပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်၏ ဒေသအားလုံးသို့ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသသို့ဖြစ်စေ၊ နိုင်ငံရပ်ခြားသို့ဖြစ်စေ ရထားကိုအသုံးပြု၍ ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်သည့်လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ယင်းလုပ်ငန်းများနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ခ) **ရထားလုပ်ငန်းဆိုင်ရာပစ္စည်းများ** ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးအတွက် တည်ထောင်ထားသည့် ရထားသို့မဟုတ် ရထား၏ တစ်စိတ်တစ်ဒေသကို ဆိုသည်။ ယင်းစကားရပ်တွင် ရထားလုပ်ငန်းဆိုင်ရာ အောက်ပါပစ္စည်းများလည်း ပါဝင်သည်-

(၁) ရထားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝင်းခြံအကာအရံအတွင်းရှိ မြေအားလုံး သို့မဟုတ် ရထားနယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားသည့် အထက်၊ အောက် နယ်မြေအားလုံး၊

(၂) ရထားပို့ဆောင်ရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှင့် ဆက်စပ်အသုံးပြုသည့် ရထားလမ်းများ၊ မြေအောက်ဥမင်လိုဏ်ခေါင်း ရထားလမ်းများ၊ မြေပြင်အထက် မြှင့်တင်ထားသော ရထားလမ်းများ၊ ရထားလမ်းခွဲများ၊ ရထားလမ်းမှာနှင့် ရထားလမ်းမြောင်းများအားလုံး၊

(၃) ရထားနှင့်သက်ဆိုင်သည့် သို့မဟုတ် ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် တည်ဆောက်ထားသည့် ဘူတာရုံများ၊ ရုံးများ၊ သိုလှောင်ရုံများ၊ ဆိပ်ခံဘောတံတားများ၊ စက်ရုံအလုပ်ရုံများ၊ စက်ခေါင်းရုံများ၊ တွဲပြင်ရုံများ၊ ရထားလမ်းယာဉ်များ၊ တွဲရပ်နားစကြံမျာ၊ ရထားဆေးရုံများ၊ ဆေးပေးခန်းများ၊ သင်တန်းကျောင်းများ၊ ရထားဝန်ထမ်းနေအိမ်များ၊ တပ်ဆင်ထားသည့် စက်ပစ္စည်းများနှင့် အခြားတည်ဆောက်မှုများအားလုံး၊

(၄) ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် အသုံးပြုလျက်ရှိသော ရထားအဖွဲ့အစည်းက ပိုင်ဆိုင်သည့် သို့မဟုတ် ငှားရမ်းယူထားသည့် သို့မဟုတ် စီမံပြုလုပ်ထားသည့် သင်္ဘောများ၊ လှေများ၊ ဖောင်များနှင့် ကူးတို့များအားလုံး။

(ဂ) **မြန်မာ့မီးရထား**ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် ရထားကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်နေသည့် နိုင်ငံတော်ပိုင်အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ရထားကုမ္ပဏီ**ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ တည်ထောင်သည့် ကုမ္ပဏီကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့မီးရထား မပါဝင်။

(င) **ရထားအဖွဲ့အစည်း**ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လုပ်ငန်းလိုင်စင် ရရှိထားသည့် ရထားကုမ္ပဏီနှင့် မြန်မာ့မီးရထားတို့ကို ဆိုသည်။

(စ) **ရထားနယ်နိမိတ်**ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်သည့်ဘူတာဧရိယာ၊ ရထားလမ်း အထက်၊ အောက်၊ ဝဲ၊ ယာ လွတ်ကင်းဧရိယာ၊ ရထားလုပ်ငန်းဆိုင်ရာ စက်ရုံဧရိယာ၊ ရထားနှင့်သက်ဆိုင်သည့် လုပ်ငန်းများအတွက် လိုအပ်သည့် မြေဧရိယာများကို ဆိုသည်။

(ဆ) **ရထား**ဆိုသည်မှာ တွဲများချိတ်ဆက်ထားရှိသော သို့မဟုတ် ချိတ်ဆက်ထားခြင်း မရှိသော စက်ခေါင်း သို့မဟုတ် နောက်တွဲယာဉ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သံလမ်းပေါ်မှ အလွယ်တကူ မယူဖယ်ရှားခြင်းမပြုနိုင်သော သံလမ်းပြေးယာဉ်ကဲ့သို့သော စက်တပ်ယာဉ်ကို ဆိုသည်။

(ဇ) ရထားလမ်းယာဉ် ဆိုသည်မှာ စက်ခေါင်း၊ စက်ခေါင်းနောက်မြီးတွဲ၊ သံလမ်းပြေးယာဉ် အမျိုးမျိုး၊ လူစီးတွဲ၊ ကုန်တွဲများ၊ အပေါ့စားရထားနှင့် လက်တွန်းယာဉ် အမျိုးမျိုးကို ဆိုသည်။

(ဈ) **ရထားလက်မှတ်**ဆိုသည်မှာ ခရီးလမ်းကြောင်းတစ်ခုအတွက်ဖြစ်စေ၊ အသွားအပြန် ခရီးအတွက်ဖြစ်စေ၊ ကာလအပိုင်းအခြားဖြင့် အသုံးပြုရန် အခကြေးငွေဖြင့် ထုတ်ပေးထားသော လက်မှတ်ကိုသော်လည်းကောင်း၊ ရထားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူတစ်ဦးဦးက ရထားစီးရန်အတွက် အခမဲ့ထုတ်ပေးထားသည့် လက်မှတ်ကိုသော်လည်းကောင်း ဆိုသည်။

(ည) **ကုန်စည်** ဆိုရာတွင် ကုန်ပစ္စည်းအမျိုးမျိုးနှင့် တိရစ္ဆာန်များလည်း ပါဝင်သည်။

(ဋ) **တိရစ္ဆာန်** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းကျောင်းထားသောဆင်၊ ကျွဲ၊ နွား၊ နွားနောက်၊ မြင်း၊ မြည်း၊ လား၊ ဝက်၊ သိုး၊ ဆိတ်နှင့် ရထားကို အန္တရာယ်ဖြစ်စေနိုင်သည့် အခြား တိရစ္ဆာန်များလည်း ပါဝင်သည်။

(ဌ) **ပို့ဆောင်ရေး**ဆိုရာတွင် ခရီးသည်နှင့် ကုန်စည်တို့ကို ရထားလမ်းယာဉ် တစ်မျိုးမျိုးဖြင့် သယ်ယူပို့ဆောင်မှုကို ဆိုသည်။

(ဍ) **ချိတ်ဆက်ပို့ဆောင်မှု** ဆိုသည်မှာ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ရထားအဖွဲ့အစည်းများ အချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်သည့် ပို့ဆောင်မှုကို ဆိုသည်။

(ဎ) **အခနှုန်းထား** ဆိုသည်မှာ ခရီးသည်နှင့် ကုန်စည်များ သယ်ဆောင်ရန်အတွက် သတ်မှတ်ထားသည့် အခကြေးငွေများအပြင် ဆက်စပ်သည့် အခြားအခကြေးငွေစံနှုန်းတစ်မျိုးမျိုးကို ဆိုသည်။

(ဏ) **ဝန်ဆောင်ခ** ဆိုသည်မှာ ရထားဘူတာရုံ၊ ဘူတာလမ်းမြောင်လမ်းခွဲ၊ ကုန်သိုလှောင်ရုံ၊ ဝန်ချီစက်နှင့် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် အခြားဝန်ဆောင်မှုတစ်ခုခုအတွက် ပေးဆောင်ရသည့် အခကြေးငွေကို ဆိုသည်။

(တ) **ကူးတို့** ဆိုရာတွင် ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်သည့် လှေများကိုတွဲ၍ ခင်းထားသည့်တံတား၊ ရေဆိပ်တံတား၊ ဖောင်၊ ပေါင်းကူးတံတား၊ ခေတ္တခင်းထားသည့် တံတား၊ ကူးတို့ဆိပ်များနှင့် ယင်းကူးတို့ဆိပ် ချဉ်းကပ်လမ်းများပါဝင်သည်။

(ထ) **ရပ်နားစခန်းလုပ်ငန်း**ဆိုသည်မှာ ရထားပို့ဆောင်ရေး လုပ်ငန်းအတွက်ဖြစ်စေ၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားပို့ဆောင်ရေး လုပ်ငန်းများအတွက် ဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးအတွက်ဖြစ်စေ လမ်းဆုံနေရာ သို့မဟုတ် အချက်အခြာကျသောနေရာတွင် ခေတ္တရပ်နားခြင်း၊ စားသောက်ခြင်း၊ မော်တော်ယာဉ်ပြင်ဆင်ခြင်း၊ ရထားပြင်ဆင်ခြင်း သို့မဟုတ် အဆိုပါ ပို့ဆောင်ရေးလုပ်ငန်းတစ်ခုခုနှင့် ဆက်စပ်သည့် အခြားလုပ်ငန်း တစ်ခုခု ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဒ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် ဖြစ်စေ၊ ရပ်နားစခန်း လုပ်ငန်းအတွက်ဖြစ်စေ ဗဟိုကြီးကြပ်ရေး အဖွဲ့က ထုတ်ပေးသည့်လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဓ) **ကူးပြောင်းဘူတာ**ဆိုသည်မှာ နယ်စပ်ရထားလမ်းများနှင့် ကူးပြောင်းဘူတာများဆိုင်ရာ သဘောတူစာချုပ်အရ ဒေသအတွင်း စာချုပ်ဝင်နိုင်ငံများရှိ ရထားလမ်းများနှင့် ချိတ်ဆက်ပြီး နိုင်ငံတော်အတွင်း ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် နယ်စပ်တွင် တည်ထောင်သတ်မှတ်ထားသည့် ရထားအချင်းချင်း ကူးပြောင်းသည့်ဘူတာကို ဆိုသည်။

(န) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဗဟိုကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော ရထားပို့ဆောင်ရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဖ) **စီမံရေးအဖွဲ့** ဆိုသည်မှာ ဗဟိုကြီးကြပ်ရေးအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် ရထားပို့ဆောင်ရေးလုပ်ငန်း စီမံရေးအဖွဲ့ကို ဆိုသည်။

(ဗ) **ဦးဆောင်ညွှန်ကြားရေးမှူး**ဆိုသည်မှာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဘ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ရထားအဖွဲ့အစည်းက ဤဥပဒေအရ ဖွဲ့စည်းသည့် ရထားပို့ဆောင်ရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(မ) **ရထားဝန်ထမ်း**ဆိုသည်မှာ ရထားအဖွဲ့အစည်းတွင် ရထားနှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် ခန့်အပ်တာဝန်ပေးခြင်းခံရသူကို ဆိုသည်။

**အခန်း(၂)**

**ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အခြားပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အခြားသင့်လျော်သော ကျွမ်းကျင်သူများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သူတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ ရထားပို့ဆောင်ရေး လုပ်ငန်းများကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်လမ်းညွှန်မှုပြုရမည်။

(ခ) ရထားအဖွဲ့အစည်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အတိုင်ပင်ခံကျွမ်းကျင်ပညာရှင်ပုဂ္ဂိုလ်များ အကြားတွင်လည်းကောင်း၊ ရထားအဖွဲ့အစည်းအချင်းချင်း အကြားတွင်လည်းကောင်း ချုပ်ဆိုသည့် သဘောတူစာချုပ်များကို စိစစ်ပြီးအတည်ပြုရမည်။

(ဂ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် အခြားဆက်စပ်သည့် ကိစ္စများအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အကြံပေးခြင်းနှင့် ကူညီခြင်းများဆောင်ရွက်ရမည်။

(င) ရထားလမ်းသစ်ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ထားသည့် ရထားလမ်းကိုပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းထားသည့်ရထားလမ်းကို ပြန်လည်ဖွင့်လှစ်ခြင်းကိစ္စရပ်များတွင် ကြီးကြပ်ခြင်း၊ ဆုံးဖြတ်ခြင်းနှင့် အမိန့်ထုတ်ပြန်ခြင်းများပြုလုပ်ရမည်။

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ရထားအဖွဲ့အစည်းက တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

(ဆ) ရထားအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ရမည်။

(ဇ) ရထားအဖွဲ့အစည်း၏ ရထားနယ်နိမိတ်အတွင်းရှိ ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ထိန်းသိမ်းခြင်းအတွက် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ရထားအဖွဲ့အစည်းများအား ရထားနယ်နိမိတ်တွင် ကျူးကျော်သည့်အဆောက်အအုံများကို ဖျက်သိမ်းခြင်း၊ ဖယ်ရှားခြင်း၊ ကျူးကျော်ဝင်ရောက်သူကို တရားစွဲဆိုအရေးယူခြင်းများကို ဆောင်ရွက်စေရမည်။

(ဈ) နိုင်ငံတော်က စာချုပ်ဝင်နိုင်ငံအဖြစ် လက်ခံထားသည့် နိုင်ငံတကာ အာရှအဝေးပြေး ရထားလမ်းများဆိုင်ရာ သဘောတူစာချုပ်၊ ဒေသအတွင်းရှိနိုင်ငံများ၏ နယ်စပ်ရထားလမ်းများနှင့် ကူးပြောင်းဘူတာဆိုင်ရာ သဘောတူစာချုပ်များအရ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းကိစ္စများကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

**အခန်း (၃)**

**စီမံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရေးအတွက် စီမံရေးအဖွဲ့ကို သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ ယင်းအဖွဲ့၏ သက်တမ်းနှင့် လုပ်ပိုင်ခွင့်တို့ကို သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် စီမံရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် စီမံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ရုံးအဖွဲ့ကို ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်း၍ ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၆။ စီမံရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုဆိုင်ရာ ကိစ္စများကို စစ်ဆေးခြင်း၊

(ခ) ရထားလမ်းများ၊ ရထားလမ်းယာဉ်များနှင့် ရထားပို့ဆောင်ရေး လုပ်ငန်းများကို အချိန်သတ်မှတ်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် ရထားလမ်းတွင် ဖြစ်ပွားသည့် မတော်တဆမှုများအား စုံစမ်းစစ်ဆေးခြင်း၊

(ဂ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရထားလုပ်ငန်း စီမံချက်ကိုစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ စိစစ်ချက်အစီရင်ခံစာကို ဗဟိုကြီးကြပ်ရေးအဖွဲ့ထံ တင်ပြခြင်း၊

(ဃ) ရထားပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ရေးအတွက် ဘေးအန္တရာယ် ကင်းရှင်းမှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်ကို ရထားကုမ္ပဏီအား ထုတ်ပေးခြင်း၊

(င) စက်ခေါင်းမောင်း၊ ရထားထိန်း၊ သက်ဆိုင်ရာ အင်ဂျင်နီယာများနှင့် ရထားပြေးဆွဲခြင်းလုပ်ငန်းနှင့်သက်ဆိုင်သည့် ရထားဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ ၎င်းတို့အား စစ်ဆေးပြီး ကျွမ်းကျင်မှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ကျေနပ်ဖွယ်ရာမတွေ့ရှိပါက ထိုအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) ဗဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ စီမံရေးအဖွဲ့သည် ပုဒ်မ ၆ ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) စိစစ်မှု၊ စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ရထားဝန်ထမ်းတစ်ဦးဦးကို လာရောက်ရှင်းလင်းပြောကြားရန် သက်ဆိုင်ရာ ရထားအဖွဲ့အစည်းမှတစ်ဆင့် စာဖြင့်ဆင့်ခေါ်နိုင်သည်။ **စာမျက်နှာ ၁၆သို့**

စာမျက်နှာ ၁၅ မှ

(ခ) သက်ဆိုင်ရာ ရထားဝန်ထမ်းနှင့် သက်သေများကို ဆင့်ခေါ်၍ စစ်ဆေးမေးမြန်းခြင်း၊ စာရင်းဇယားနှင့် အထောက်အထားများ တင်ပြစေခြင်း ပြုနိုင်သည်။

(ဂ) ရထားအဖွဲ့အစည်းက ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်း၊ စာရွက်စာတမ်းနှင့် အထောက်အထားများကို ကြည့်ရှုစစ်ဆေးသင့်သည်ဟု ထင်မြင်ယူဆလျှင် စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့က လုပ်ငန်းအလိုက် ပေးအပ်သည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

၈။ စီမံရေးအဖွဲ့သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့တင်ပြသော စိစစ်ချက် အစီရင်ခံစာတွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(က) အဆိုပြုသည့် ရထားလမ်းကြောင်း၊ ရထားအမျိုးအစားနှင့် ကျင့်သုံးလိုသည့်စနစ်၊ အဆိုပြု ရထားလက်မှတ်ခနှင့် ကောက်ခံမည့်စနစ်၊

(ခ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်မည့် ရပ်နားစခန်းလုပ်ငန်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ၊

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အကဲဖြတ်ဆန်းစစ်ရာတွင် အထောက်အကူပြုမည့် ဆက်စပ်အကြောင်းအရာများ၊

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် အခြားလိုအပ်သောအချက်များ။

၉။ စီမံရေးအဖွဲ့သည် ရထားလမ်း၊ မြေအောက်ရထားလမ်း၊ မြေပေါ်ရထားလမ်း၊ လျှပ်စစ်ရထား ကောင်းကင်ကြိုးနှင့် ရထားလမ်းယာဉ်ကိုပြေးဆွဲခြင်း၊ မပြေးဆွဲဘဲ ရပ်ဆိုင်းထားခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသည့်စီမံရေးအဖွဲ့၏ စိစစ်ချက် အစီရင်ခံစာအရ ရထားလမ်းဖောက်လုပ်လျှင်ဖြစ်ပေါ်လာနိုင်သော ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်းများ ပြောင်းလဲမည့်ကိစ္စ၊ ရထားလမ်းနှင့် ကားလမ်းဆုံမည့်နေရာတွင် အန္တရာယ်ကင်းရှင်းစေရေးကိစ္စ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြင်း ရှိ မရှိ ကိစ္စနှင့် မြို့ရွာများ အကျိုးသက်ရောက်မှု ရှိ မရှိ ကိစ္စများနှင့်စပ်လျဉ်း၍ ရထားလမ်းတစ်လျှောက်ရှိ နယ်မြေခံလူထုနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ သဘောထားများကို ထည့်သွင်းစဉ်းစားလျက် ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း ပြုလုပ်နိုင်သည်။

## အခန်း(၄)
## မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့

၁၁။ ဝန်ကြီးဌာနသည်-

(က) ဦးဆောင်ညွှန်ကြားရေးမှူးကို ဥက္ကဋ္ဌအဖြစ် ပါဝင်စေပြီး မြန်မာ့မီးရထားမှ သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၂။ မြန်မာ့မီးရထားစီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုတို့နှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို စီမံဆောင်ရွက်ခွင့် ရှိသည်-

(က) မြန်မာ့မီးရထား ဝန်ထမ်းအဆင့်ဆင့်၏ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ နေထိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သလို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း၊

(ခ) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေး၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်စေရေး၊ ဝင်ငွေတိုးမြှင့် ရှာဖွေရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့မီးရထားတွင် တာဝန်ထမ်းဆောင်သည့် ရထားရဲတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများကို ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) မြန်မာ့မီးရထား၏ ရထားနယ်နိမိတ်၊ အဆောက်အအုံနှင့် ပရဝဏ်အပါအဝင် ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများကိုထိန်းသိမ်းစီမံခြင်းနှင့် မြန်မာ့မီးရထားပိုင် ရထားနယ်နိမိတ်များတွင် ကျူးကျော်ဆောက်လုပ်သော အဆောက်အအုံများကို ဥပဒေနှင့်အညီ ဖျက်သိမ်းခြင်း၊ ဖယ်ရှားခြင်းနှင့် ကျူးကျော်သူများကို တရားစွဲဆိုအရေးယူခြင်း၊

(င) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## လုပ်ငန်းလိုင်စင်

၁၃။ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသော ကုမ္ပဏီသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ ရထားကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိပြီး ဖြစ်ရမည့်အပြင် သက်တမ်းရှိသည့် မှတ်ပုံတင်လက်မှတ် ရှိရမည်။

(ခ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ မဖြစ်စေရ။

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ရထားလုပ်ငန်းစီမံချက်ဆိုင်ရာ အတည်ပြုချက် လက်မှတ်ရရှိပြီး ဖြစ်ရမည်။

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များ၊ အခြားလိုအပ်ချက်များနှင့် ပြည့်စုံရမည်။

၁၄။ ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသော ကုမ္ပဏီတစ်ခုခုသည် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် လျှောက်ထားရာတွင်-

(က) ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် စီမံချက်ကို အောက်ပါအချက်များ ဖော်ပြ၍ သတ်မှတ်ချက်များနှင့်အညီရေးဆွဲပြီး ခွင့်ပြုချက်ရရှိရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ကြိုတင်၍ တင်ပြရမည်-

(၁) အဆိုပြုရထားလမ်းအမျိုးအစားနှင့် ရထားပြေးဆွဲပုံစနစ်၊

(၂) အဆိုပြု ရထားပြေးဆွဲပုံစနစ်တွင် ယေဘုယျလမ်းကြောင်းနှင့် ခရီးလမ်းဆုံးနေရာ၊

(၃) အဆိုပြု ရထားပြေးဆွဲပုံ စနစ်တွင် ဘေးကင်းလုံခြုံမှု အနေအထား၊

(၄) အဆိုပြုရထားခနှင့် ကုန်စည်သယ်ဆောင်ခများ၊

(၅) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

(ခ) ပုဒ်မခွဲ (က) အရတင်ပြသည့် ရထားလုပ်ငန်း စီမံချက်ပါ ရထားလမ်းအတွက် မြေကို သိမ်းယူရန်လိုအပ်ပါက တည်ဆဲမြေသိမ်းခြင်းဆိုင်ရာ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းယူရန်ရှိသည့် မြေနှင့်သက်ဆိုင်သော အချက်အလက်များကို ပူးတွဲတင်ပြရမည်။

၁၅။ စီမံရေးအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြသော ရထားလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ လိုအပ်သည့် အချက်အလက်များကို ပြည့်စုံစွာစိစစ်ပြီး စုံစမ်းစိစစ်ချက် အစီရင်ခံစာကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၄ နှင့် ၁၅ တို့အရ တင်ပြချက်နှင့် စုံစမ်းစစ်ဆေးချက် အစီရင်ခံစာတို့ကို စိစစ်ပြီး ရထားလုပ်ငန်းစီမံချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်၍ တင်ပြစေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အတည်ပြုပါက တင်ပြသည့်ကုမ္ပဏီအား စည်းကမ်းချက်များ သတ်မှတ်၍ အတည်ပြုချက်လက်မှတ် ထုတ်ပေးရမည်။

(ခ) အတည်ပြုထားသည့် ရထားလုပ်ငန်းစီမံချက်ပါ ရထားလမ်းအတွက် ပုဂ္ဂလိကပိုင်မြေကို အသုံးပြုရန် လိုအပ်ပါက ရထားလမ်းအတွက် လိုအပ်သောမြေ၏ ပိုင်ရှင်နှင့် ညှိနှိုင်းဆောင်ရွက်ရန် ရထားလုပ်ငန်းစီမံချက်တင်ပြသည့် ကုမ္ပဏီအား တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တာဝန်ပေးခြင်းခံရသည့် ကုမ္ပဏီက ညှိနှိုင်းဆောင်ရွက်သော်လည်း မြေအသုံးပြုခွင့်ရသူက ငြင်းဆိုသည့်အခါ ရထားလမ်းအတွက် လိုအပ်သည့်မြေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သိမ်းယူရေးအတွက် တည်ဆဲမြေသိမ်းခြင်းဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းယူနိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထိုသို့ မြေကိုသိမ်းယူသည့်အခါ ပေးလျော်ရမည့် လျော်ကြေးကို ရထားလုပ်ငန်းစီမံချက် တင်ပြသည့် ကုမ္ပဏီကမြေအသုံးပြုခွင့် ရသူအား ပေးစေရမည်။

၁၇။ (က) ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ရထားကုမ္ပဏီသည် ပုဒ်မ ၁၃ ပါ အချက်အလက်များ ပြည့်စုံပါက လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်ချက်များနှင့် ပြည့်စုံမှု ရှိ မရှိ၊ ရထားလုပ်ငန်းစီမံချက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိနှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက် တင်ပြစေရန် စီမံရေးအဖွဲ့အား တာဝန်ပေးအပ်ရမည်။

၁၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် လျှောက်ထားချက်နှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ စီမံရေးအဖွဲ့က တင်ပြသည့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး လျှောက်လွှာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် လိုအပ်ချက်များ ပြန်လည်ပြုလုပ်၍ တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့်လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၉။ (က) ရပ်နားစခန်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ထိုလျှောက်ထားချက်ကို ခွင့်ပြုပါက လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၂၀။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ထိုလျှောက်ထားချက်ကို ခွင့်ပြုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

၂၁။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်း မပြုရ။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများကို လိုက်နာရမည်။

၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ လိုက်နာရမည့်တာဝန်တစ်ရပ်ရပ်ကိုသော်လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်းနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၆)
## ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ခွင့်

၂၃။ မြန်မာ့မီးရထားသည် အများပြည်သူသွားလာရေး ပိုမိုလွယ်ကူချောမွေ့အဆင်ပြေစေရန်နှင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုရန်အလို့ငှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရထားကုမ္ပဏီများနှင့် ပူးပေါင်း၍ တည်ဆောက်"လုပ်ကိုင်"လွှဲပြောင်းစနစ် (BOT=Build-Operate-Transfer) ဖြင့် ဖြစ်စေ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOOT=Build-Own-Operate-Transfer) ဖြင့်ဖြစ်စေ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်စနစ် (BOO=Build-Own-Operate) ဖြင့် ဖြစ်စေ၊ တည်ဆောက်-ငှားရမ်း-လွှဲပြောင်းစနစ် (BLT=Build- Lease-Transfer) ဖြင့်ဖြစ်စေ၊ ပုံစံထုတ်-တည်ဆောက်-ငွေကြေးပံ့ပိုး-လုပ်ကိုင်စနစ် (DBFO=Design- Build-Finance-Operate) ဖြင့်ဖြစ်စေ၊ ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေးထောက်ပံ့စနစ် (DCMF= Design-Construct-Manage-Finance) ဖြင့်ဖြစ်စေ၊ အခြားပူးပေါင်းလုပ်ကိုင်သည့် စနစ်ဖြင့်ဖြစ်စေ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းစီမံချက်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြနိုင်သည်။

၂၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၂၃ အရ မြန်မာ့မီးရထား၏ တင်ပြချက်ကိုစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မြန်မာ့မီးရထား၏ တင်ပြချက်ကို ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးရမည်။

၂၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရထားအဖွဲ့အစည်းက ယင်းတို့စီမံခန့်ခွဲပိုင်ခွင့်ရှိသော သို့မဟုတ် ပိုင်ဆိုင်သောမြေ၊ အဆောက်အအုံနှင့် ရထားလုပ်ငန်းဆိုင်ရာပစ္စည်းများကို အကျိုးရှိစွာ အသုံးပြု၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အောက်ပါ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်-

(က) မြေငှားရမ်းခြင်း၊

(ခ) အဆောက်အအုံတည်ဆောက်ခြင်း၊ ငှားရမ်းခြင်း၊

(ဂ) ရထားတွဲ၊ တွဲဆိုင်း၊ စက်ခေါင်း၊ သံလမ်းယာဉ်၊ ဆက်သွယ်ရေးလိုင်းကြိုးများ၊ စက်ရုံ အလုပ်ရုံ၊ စက်ကိရိယာ၊ ယာဉ်ယန္တရားနှင့် ပစ္စည်းများ ငှားရမ်းခြင်း၊

(ဃ) မိမိတို့ တည်ဆောက်သော တံတားဖြတ်သန်းခများ ကောက်ခံခြင်း၊

(င) ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ငွေလဲလှယ်ခြင်းလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ အကြံပေးလုပ်ငန်း၊ ကွန်တိန်နာစခန်းနှင့် ကုန်းတွင်းဆိပ်များ တည်ဆောက်ရေးလုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ အငှားယာဉ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ကူးတို့လုပ်ငန်း၊ ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) ရထားတွဲ၊ စက်ခေါင်း၊ တံတားပေါင်နှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊

(ဆ) ရထားအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့် အခွင့်အလမ်းကို အသုံးချ၍ အခြားစီးပွားရေး လုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ လုပ်ကိုင်ခြင်း။

## အခန်း(၇)
## ရထားပို့ဆောင်ရေးလုပ်ငန်းများကို စစ်ဆေးခြင်း

၂၆။ ရထားအဖွဲ့အစည်းသည် ရထားပို့ဆောင်ရေးလုပ်ငန်း လုံခြုံချောမွေ့စေရေးအတွက် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများကို ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ ခန့်အပ်တာဝန်ပေးထားသည့် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများဖြင့် စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်း၍တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို တင်ပြစေနိုင်သည်။

၂၇။ ပုဒ်မ ၂၆ အရ ခန့်အပ်ထားသည့် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများနှင့် ဖွဲ့စည်းထားသည့် စစ်ဆေးရေးအဖွဲ့များသည် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-

(က) ရထား၊ ရထားလမ်းနယ်မြေနှင့် ရထားလမ်းယာဉ်များအပါအဝင် ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများပေါ်သို့ ဝင်ရောက်စစ်ဆေးခြင်း၊ မေးမြန်းခြင်းနှင့် လိုအပ်သည့် အထောက်အထားစာရွက်စာတမ်းများအား လိုအပ်သည့် အချိန်အခါများတွင် တင်ပြစေခြင်း၊

(ခ) ရထားလမ်းများ သို့မဟုတ် ရထားလမ်းယာဉ်များ စံချိန်စံညွှန်း ညီညွတ်ခြင်း ရှိ မရှိ အချိန်ကာလသတ်မှတ်ချက်နှင့်အညီ စစ်ဆေးခြင်း၊

(ဂ) ရထားလမ်းတွင် ဖြစ်ပွားသည့် မတော်တဆမှုအား ဆောလျင်စွာ စုံစမ်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာတင်ပြခြင်း၊

စာမျက်နှာ ၁၇ သို့

ဥပဒေ

စာမျက်နှာ ၁၆ မှ

(ဃ) ရထား၊ ရထားလမ်း၊ ရထားလမ်းယာဉ်နှင့် ရထားပို့ဆောင်ရေး လုပ်ငန်းတို့ကို ရှောင်တခင်စစ်ဆေးခြင်းနှင့် အစီရင်ခံစာ တင်ပြခြင်း၊

( င )ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ သတ်မှတ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ဆောင်ရွက်ခြင်း။

**အခန်း(၈)**

**ရထားလုပ်ငန်းများတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း**

၂၈။ ရထားအဖွဲ့အစည်းသည် အများပြည်သူအကျိုးအတွက် ရထားလမ်းဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သော အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့်အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) မြေပေါ်၊ မြေအောက်၊ရေပေါ်၊ ရေအောက်မည်သည့်နေရာတွင်မဆို ဆင်ခြေလျှော၊ ပေါင်းကူး၊ ဥမင်လိုဏ်ခေါင်း၊ ရေပြွန်၊ တာပေါင်၊ ရေသွယ်တံတား၊ တောင်ကူးတံတား၊ လမ်းတံတား၊ ရထားလမ်း၊ လူသွားလမ်း၊ ပြွန်၊ မြောင်း၊ တံတားတိုင်၊ တူးပေါင်နှင့် ခြံစည်းရိုးများကို ယာယီ သို့မဟုတ် အမြဲတမ်းအဖြစ် တည်ဆောက်ခြင်း၊

(ခ) ဥမင်လိုဏ်ခေါင်းများ၊ တံတားများ၊ လူသွားလမ်းများနှင့် အခြားလုပ်ငန်းများကို ဆောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ ထိန်းသိမ်းရန်အတွက်သော်လည်းကောင်း၊ မြစ်၊ ချောင်း၊ မြောင်း၊ စမ်းတို့၏ ရေစီးရေလာကို ပြောင်းလဲပစ်ခြင်းအပြင် ရထားအဖွဲ့အစည်းက လိုအပ်သည်ဟုယူဆပါက ရထားလမ်းအထက်၊ အောက်၊ ဝဲ၊ ယာတို့မှ လွယ်လင့်တကူ စီးဆင်းသွားနိုင်ရန်အလို့ငှာ မြစ်၊ ချောင်း၊ မြောင်း၊ စမ်းတို့၏ ရေစီးရေလာတို့ကို ပြောင်းလဲပစ်ခြင်းနှင့် လမ်းအမျိုးအစား အမျိုးမျိုးတို့၏ မျက်နှာပြင် အနေအထားကို မြှင့်တင်ခြင်း၊ နှိမ့်ချခြင်း၊

(ဂ) ရထားလမ်းမှ သို့မဟုတ် ရထားလမ်းသို့ ရေသွယ်ထုတ်ယူနိုင်ရန်အတွက် ရထားမြေနှင့် ဆက်စပ်လျက်ရှိသော အခြားမြေ၏အတွင်းသို့ဖြစ်စေ၊ အောက်မှဖြစ်စေ၊ ဖြတ်၍ဖြစ်စေ ရေမြောင်း၊ ရေပိုက်များသွယ်တန်းခြင်း၊

(ဃ) သိုလှောင်ရုံများ၊ ရုံးခန်းများ၊ လူနေအိမ်များနှင့် အခြားအဆောက်အအုံများ၊ တွဲစီဝင်းများ၊ ဘူတာများ၊ စက်ရုံများ၊ ဆိပ်ခံတံတားများ၊ ရထားများ၊ ရထားလမ်းယာဉ်များ၊ စက်ပစ္စည်းကိရိယာများနှင့် ရထားအဖွဲ့အစည်းက လိုအပ်သည်ဟု ယူဆသော အခြားလုပ်ငန်းများကို တပ်ဆင်တည်ဆောက်ခြင်း၊

(င) ရထားပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တည်ဆဲဥပဒေနှင့်အညီ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊

(စ) ဓာတ်ငွေ့၊ ရေ၊ ဖိသိပ်လေများဖြန့်ဖြူးသည့် ပိုက်လိုင်း၊ လျှပ်စစ်ကြိုးနှင့် ဆက်သွယ်ရေးကြိုးတို့၏ အနေအထား၊ ပင်မမြောင်းမဟုတ်သည့် ရေမြောင်း အနေအထားတို့ကို ရွှေ့ပြောင်းခြင်း။

၂၉။ ရထားအဖွဲ့အစည်းသည်-

(က) ပုဒ်မ ၂၈ နှင့်အညီ ဆောင်ရွက်ခြင်းမပြုမီ ဆောင်ရွက်မည့် ရည်ရွယ်ချက်နှင့် အကြောင်းကိစ္စကို ဖော်ပြ၍ ကန့်ကွက်ရန်ရှိပါက တင်ပြနိုင်ရန် မြေအသုံးပြုခွင့်ရသူ သို့မဟုတ် ထိုမြေပေါ်တွင် နေထိုင်သူထံသို့ အကြောင်းကြားစာ ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာတွင် မိမိတို့ ဆောင်ရွက်မည့် လုပ်ငန်းသဘာဝနှင့် အတိုင်းအတာကို အတတ်နိုင်ဆုံး တိကျပြည့်စုံစွာ ဖော်ပြပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရပေးသော အကြောင်းကြားစာ၏ မိတ္တူကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့ပေးရမည်။

၃၀။ (က) ပုဒ်မ ၂၉ အရ ရထားအဖွဲ့အစည်းကပေးပို့သော ကြိုတင်အကြောင်းကြားစာ ရရှိသောအခါ ကြိုတင်အကြောင်းကြားစာ ရရှိသော အစိုးရဌာန၊ အဖွဲ့အစည်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်း၊ ရထားကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကတို့သည် ထိုလုပ်ငန်းဆောင်ရွက်မှုတွင် ကန့်ကွက်ချက် တင်ပြရန်၊ ညှိနှိုင်းဖြေရှင်းရန် သို့မဟုတ် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ရန် မိမိဌာန၊ အဖွဲ့အစည်း ၏ ကိုယ်စားလှယ်ကို စေလွှတ်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ရထားအဖွဲ့အစည်းသည် ပုဒ်မခွဲ (က) အရ စေလွှတ်သော ကိုယ်စားလှယ်၏ တင်ပြချက်ကို အလေးထားပြီးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည့်အပြင် လုပ်ငန်းဆောင်ရွက်ချိန်တစ်လျှောက်လုံးတွင်လည်း ဓာတ်ငွေ့၊ ရေ၊ ဖိသိပ်လေ ပေးပို့သည့် ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးစနစ် အဆက်မပြတ်ရရှိစေရန်နှင့် ရေစီးမြောင်း ဆက်လက်ထိန်းသိမ်းထားနိုင်စေရန် အစီအစဉ်များ ပြုလုပ်ထားရှိရမည်။

၃၁။ ရထားအဖွဲ့အစည်းသည် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးလိုင်းကြိုး သို့မဟုတ် ကြိုးမဲ့စက်ကိရိယာများနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများကို အသုံးပြုရာတွင်-

(က) ကြိုးမဲ့ဆက်သွယ်ရေးစနစ်နှင့် ရေဒီယိုဆက်သွယ်ရေးစက်များကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာအသုံးပြုရမည်။

(ခ) ရထားပို့ဆောင်ရေးလုပ်ငန်း အကျိုးငှာ ရထားနယ်နိမိတ်တွင် ဆက်သွယ်ရေး လိုင်းကြိုးများဖြစ်သည့် ကြေးနန်းကြိုး၊ သွပ်ရည်သုတ်သံနန်းကြိုး၊ ဖန်ချည်မျှင် ဆက်သွယ်ရေးကြိုးများအား မြေပေါ်မှ လည်းကောင်း၊ မြေအောက်မှလည်းကောင်း သွယ်တန်းအသုံးပြုရာ၌ ရထားအဖွဲ့အစည်း အစီအစဉ်ဖြင့် ဆက်သွယ်ရေးလိုင်းကြိုးအသစ်များ သွယ်တန်းတည်ဆောက်ခြင်း၊ အသုံးပြုဆဲ လိုင်းကြိုးများကို ထိန်းသိမ်းပြုပြင်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၃၂။ ရထားအဖွဲ့အစည်းသည်-

(က) မြေပြိုခြင်းနှင့် အခြားမတော်တဆမှုများ ဖြစ်ပွားသည့်အခါတွင်ဖြစ်စေ၊ မိမိကြီးကြပ်မှုအောက်တွင်ရှိသော မြေတူးမြေဖို့ပြုလုပ်ထားသော ရထားလမ်းနှင့် အခြားလုပ်ငန်းများ၌ မတော်တဆမှုဖြစ်နိုင်ကြောင်း ကြိုတင်သိရှိသည့်အခါတွင်ဖြစ်စေ မတော်တဆမှုကို ကြိုတင်ကာကွယ်ရန်နှင့် ပြုပြင်နိုင်ရန်အတွက် ရထားနယ်နိမိတ်နှင့် ဆက်စပ်နေသည့် မြေနေရာတစ်ခုခုအတွင်းသို့ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်၍ ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများကို အရေးပေါ်ပြုပြင်ရန်လိုအပ်ပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ လိုအပ်သည့် လုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ခွင့် ရှိပြီး ယင်းသို့ဆောင်ရွက်ခြင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိရန် ဖြစ်ပွားမှု သို့မဟုတ် ဖြစ်ပေါ်လာနိုင်သော မတော်တဆမှု အခြေအနေသဘာဝနှင့် ဆောင်ရွက်လိုသည့် လုပ်ငန်းများကို ဖော်ပြ၍ စတင်ဝင်ရောက်ဆောင်ရွက်ချိန်မှ ၂၄ နာရီအတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့သို့အစီရင်ခံတင်ပြရမည်။

၃၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) အရ ရထားအဖွဲ့အစည်း၏ အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ပြီး ယင်းတို့၏အရေးပေါ်လုပ်ငန်းသည် အများပြည်သူအတွက် အန္တရာယ်ဖြစ်ရန် အကြောင်းမရှိပါက ယင်းသို့ဆောင်ရွက်မှုကို ရပ်ဆိုင်းစေနိုင်သည်။

၃၄။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၃၂ ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင်-

(က) အပျက်အစီး နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်။

(ခ) ရထားလမ်း ဖောက်လုပ်ရေးအတွက် တာပေါင်တိုင်းတာခြင်း သို့မဟုတ် မြေဖို့ခြင်း ပြုနေစဉ်ဖြစ်စေ၊ ပြုလုပ်ပြီးချိန်၌ဖြစ်စေ ရထားလမ်းဖြတ်သန်းဖောက်လုပ်သည့် မြေနေရာရှိ သက်ဆိုင်သူများ ထိခိုက်နစ်နာမှုနှင့် အဆင်မပြေမှု အနည်းဆုံးဖြစ်စေရန် လုပ်ဆောင်ပေးရမည်။

(ဂ) အပျက်အစီးများရှိပါက နစ်နာသူကို လျော်ကြေးပေးရမည်။

(ဃ) လျော်ကြေးငွေပမာဏနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက လျော်ကြေးရခွင့်ရှိသူက ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားပိုင်ခွင့်ရှိသည်။

၃၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် အငြင်းပွားမှုကိုစိစစ်ပြီး တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လျော်ကြေးငွေပမာဏကို သက်ဆိုင်ရာ ရထားအဖွဲ့အစည်းက နစ်နာသူမြေအသုံးပြုခွင့်ရသူအား ပေးလျော်စေရမည်။

၃၆။ ရထားအဖွဲ့အစည်းသည် ရထားလမ်းဖောက်လုပ်ခြင်းကြောင့် မြေအနေအထားပြောင်းလဲခြင်း၊ ရေစီးရေလာပြောင်းလဲခြင်းတို့ကြောင့် ယင်းမြေနှင့် စပ်ဆိုင်သော မြေအသုံးပြုခွင့်ရသူနှင့် ယင်းမြေပေါ်တွင် နေထိုင်သူများအတွက် အန္တရာယ် သို့မဟုတ် အဆင်မပြေမှုကြုံတွေ့ရခြင်း၊ မြေအသုံးပြုခွင့်ရသူနှင့် ယင်းမြေပေါ်တွင် နေထိုင်သူများက လျော်ကြေးရယူခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရထားလမ်းဖောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အဆင်မပြေမှုများကို လျော့ပါးသက်သာစေရန်နှင့် ပပျောက်စေရန် ရထားလမ်း၏ အထက်၊ အောက်၊ ဝဲ၊ ယာတို့တွင် ခုံးကျော်များ၊ တံတားများ၊ ပေါင်းကူးတံတားများ၊ ရေပြွန်များနှင့် လူသွားလမ်းတည်ဆောက်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်း၊

(ခ) ရထားလမ်းမဖောက်လုပ်မီကရှိခဲ့သည့် အခြေအနေအတိုင်း ရေများအနီးစပ်ဆုံး စီးဆင်းသွားနိုင်ရန် ရထားလမ်း၏ အထက်၊ အောက်၊ ဝဲ၊ ယာ သင့်ရာနေရာများတွင် လိုအပ်သည့် အရွယ်အစားရှိ ပေါင်းကူးတံတား၊ ဥမင်လိုဏ်ခေါင်း၊ ရေပြွန်၊ မြောင်းများ၊ ရေမြောင်းများနှင့် အခြားလမ်းများ တည်ဆောက်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ရထားသွားလာပြေးဆွဲရေးကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေမည့်လုပ်ငန်းများကိုလည်းကောင်း၊ မြေအသုံးပြုခွင့်ရသူနှင့် ယင်းမြေပေါ်တွင် နေထိုင်သူများက လျော်ကြေးရယူရန် သဘောတူ၍ လျော်ကြေးကို လက်ခံရယူပြီးဖြစ်လျှင်လည်းကောင်း ထိုလုပ်ငန်းများကို လုပ်ဆောင်ပေးရန် တာဝန်မရှိစေရ။

၃၇။ သက်ဆိုင်ရာ ရထားအဖွဲ့အစည်းသည် ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သော အချိန်ကာလအတွင်း အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ရထားလမ်း သို့မဟုတ် ရထားလမ်းအစိတ်အပိုင်းတစ်ခုခု၌ သော်လည်းကောင်း၊ ဆက်စပ်နေသောလမ်းများကိုသော်လည်းကောင်း နယ်ခြားအမှတ်အသားများ သို့မဟုတ် ခြံစည်းရိုးများကို ပြုလုပ်စေခြင်း၊ ပြင်ဆင်စေခြင်း၊

(ခ) ပြည်သူတို့ အသုံးပြုသောလမ်းကိုဖြတ်၍ ရထားလမ်း ဖြတ်သန်းဖောက်လုပ်ရလျှင် သင့်လျော်သော တံတားများ၊ သံကြိုးများ၊ ဆုံလည်အတားအဆီးများ၊ တန်းများ သို့မဟုတ် လက်ရန်းများတပ်ဆင်ခြင်း၊ အသစ်လဲလှယ်ခြင်းနှင့် တပ်ဆင်ထားသော ကိရိယာများကိုဖွင့်ပိတ်ခြင်း ဆောင်ရွက်ရေးအတွက် အမြဲတမ်းဝန်ထမ်းများခန့်အပ်ရန် ဆောင်ရွက်ခြင်း။

၃၈။ ရထားအဖွဲ့အစည်းသည်-

(က) ရထားလမ်းအနီး ရထားလမ်းမြေပြင်ပတွင် ပေါက်ရောက်နေသည့် သစ်ပင်က ရထားလမ်းပေါ်သို့ လဲကျပိတ်ဆို့သွားမည့် အန္တရာယ်ရှိလျှင်ဖြစ်စေ၊ မြေစိုက်အချက်ပြ၏ မြင်ကွင်းကို ပိတ်ဆို့နေလျှင်ဖြစ်စေ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူများသို့ အကြောင်းကြား၍ မိမိအစီအစဉ်ဖြင့် ထိုသစ်ပင်ကို ခုတ်လှဲဖယ်ရှားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ခုတ်လှဲဖယ်ရှားလိုက်ရသည့်အပင်မှာ ရထားလမ်းမဖောက်လုပ်မီက ဖြစ်စေ၊ မြေစိုက်အချက်ပြမစိုက်ထူမီက ဖြစ်စေ ပေါက်ရောက်လျက်ရှိသည့် သစ်ပင်ဖြစ်ပြီး ပိုင်ရှင်က လျှောက်ထားလျှင် သင့်လျော်သည့်လျော်ကြေးကို ဆုံးဖြတ်၍ပေးပိုင်ခွင့်ရှိသည်။

၃၉။ ရထားလမ်းဖြတ်သန်းတည်ဆောက်ထားသော မြေအသုံးပြုခွင့်ရသူ သို့မဟုတ် ထိုမြေပေါ်တွင် နေထိုင်သူများကဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ရှိသူကဖြစ်စေ ရထားအဖွဲ့အစည်း၏ ဆောင်ရွက်ပေးမှုများသည် လုံလောက်မှုမရှိဟုယူဆလျှင်သော်လည်းကောင်း၊ အခြားဝန်ကြီးဌာန သို့မဟုတ် ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူက အဆိုပါရထားလမ်းကဖြတ်၍ဖြစ်စေ၊ အပေါ်မှဖြစ်စေ၊ အောက်မှဖြစ်စေ အများပြည်သူသုံးလမ်း သို့မဟုတ် အခြားလုပ်ငန်းများကို လုပ်ကိုင်ပေးစေလိုလျှင်သော်လည်းကောင်း ရထားလမ်းဖောက်လုပ်ပြီးစီးချိန်မှစ၍ ခြောက်နှစ်အတွင်း ရထားအဖွဲ့အစည်းထံ တောင်းဆိုနိုင်သည်။

၄၀။ ပုဒ်မ ၃၉ အရ တောင်းဆိုချက်များအနက် ရထားအဖွဲ့အစည်းက သဘောတူသည့်လုပ်ငန်းအတွက် ကုန်ကျစရိတ်ကို လုပ်ငန်းတောင်းဆိုသူ သို့မဟုတ် ရထားအဖွဲ့အစည်းက ကျခံရမည်ဖြစ်ရာ ညှိနှိုင်းမှုတွင် သဘောတူညီမှုမရပါက ဝန်ကြီးဌာန၏စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပြည်သူတို့ အသုံးပြုသောလမ်းကိုဖြတ်၍ ရထားလမ်း ဖောက်လုပ်ရသည့်အခါ ပြည်သူတို့ ကူးဖြတ်ရာ၌ ဘေးအန္တရာယ်မဖြစ်စေရန် ရထားလမ်းအောက် သို့မဟုတ် အထက်မှ တံတားဖြစ်စေ၊ ပေါင်းကူးဖြစ်စေ သင့်တော်ရာကို စီစဉ်ဆောင်ရွက်ရန် ရထားအဖွဲ့အစည်းအား ညွှန်ကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရထားအဖွဲ့အစည်းက စီစဉ်ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ်အားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ ရထားအဖွဲ့အစည်းသို့ ပေးဆောင်စေရန် ထိုလမ်းကို ထိန်းသိမ်းစောင့်ရှောက်ရသည့် ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူသို့ အကြောင်းကြားနိုင်သည်။

**အခန်း(၉)**

**ရထားလမ်းများ အသစ်ဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း၊ ပြောင်းလဲပြေးဆွဲခြင်းနှင့် တိုးချဲ့ခြင်း**

၄၂။ ရထားအဖွဲ့အစည်းသည်-

(က) အများပြည်သူဆိုင်ရာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရန်သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ပြည့်စုံပြီး ရထားလမ်းသစ်ဖွင့်လှစ်လိုသည့်အခါ ဖွင့်လှစ်မည့်ရက်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံးတစ်လကြိုတင်၍ ခွင့်ပြုချက် တောင်းခံရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခွင့်ရရှိပြီးသည့် ရထားလမ်းမှာ အများပြည်သူနှင့် ကုန်စည်များကို ဘေးအန္တရာယ်ကျရောက်စေနိုင်သည့် အခြေအနေဖြစ်ပေါ်ပါက ထိုသို့ဖြစ်ပေါ်သည့်နေ့မှစ၍ ခိုင်လုံသော အထောက်အထားဖြင့် ရထားလမ်းကို ပိတ်ခွင့်ပြုရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆောလျင်စွာ ခွင့်ပြုချက်တောင်းခံရမည်။

(ဂ) မတော်တဆမှုကြောင့်ဖြစ်စေ၊ ရာသီဥတုဆိုးရွားခြင်းကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ ရထားပြေးဆွဲ၍ မရသည့်အခါ ရထားပြေးဆွဲမှုကို ခေတ္တရပ်ဆိုင်း၍ အမြန်ပြုပြင်ရမည်။ ထိုသို့ ရပ်ဆိုင်းထားကြောင်း ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆောလျင်စွာ အကြောင်းကြားပြီး ရထားလမ်း ခေတ္တပိတ်ခွင့်ပြုရန် ခွင့်ပြုချက်တောင်းခံရမည့်အပြင် ပြုပြင်ပြီးပြန်လည်ပြေးဆွဲနိုင်မည့် အခြေအနေကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခွင့်ရရှိပြီးသည့် ရထားလမ်းကို တိုးချဲ့ရန်ရှိသည့်အခါတွင်ဖြစ်စေ၊ လမ်းကြောင်းပြောင်းလဲရန် ရှိသည့်အခါတွင်ဖြစ်စေ၊ ရထားအချိန်စာရင်းပြောင်းလဲပြေးဆွဲရန် ရှိသည့်အခါတွင်ဖြစ်စေ၊ ရထားခရီးစဉ်ပြောင်းလဲပြေးဆွဲရန် ရှိသည့်အခါတွင်ဖြစ်စေ၊ စနစ်မတူသော ရထားလမ်းယာဉ်များကို ပြောင်းလဲ၍ ပြေးဆွဲရန်ရှိသည့်အခါတွင်ဖြစ်စေ ထိုသို့မပြုလုပ်မီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံရမည်။

၄၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၄၂ ပါ အကြောင်းတစ်ရပ်ရပ်အရ ခွင့်ပြုချက်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဆောလျင်စွာ တင်ပြရန် စီမံရေးအဖွဲ့၊ သက်ဆိုင်ရာစစ်ဆေးရေးအရာရှိ၊ စစ်ဆေးရေးမှူးနှင့် ကျွမ်းကျင်သည့် အင်ဂျင်နီယာတို့ကို တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြသည့် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး ရထားလမ်းသစ်ဖွင့်လှစ်ခြင်း၊ ရထားလမ်း ခေတ္တပိတ်ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ပြောင်းလဲ၍ပြေးဆွဲခြင်း သို့မဟုတ် ပြုပြင်တိုးချဲ့ခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

၄၄။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ဖြင့် ရထားလမ်းနှင့် ရထားလမ်းယာဉ်များကို ပြန်လည်အသုံးပြုပြေးဆွဲရာတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသည့် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

**အခန်း(၁၀)**

**ပို့ဆောင်ရေး လွယ်ကူချောမွေ့ အဆင်ပြေစေရေး**

၄၅။ ရထားအဖွဲ့အစည်းသည်-

(က) ခရီးသည်နှင့် ကုန်စည်များကို လက်ခံခြင်း၊ ဆက်လက်ပို့ဆောင်ပေးခြင်းပြုနိုင်ရေးအတွက် ရထားအဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ရထားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ကုန်စည်အမျိုးအစားကို ဖြစ်စေ မမျှမတ သို့မဟုတ် မလျော်မကန် ဦးစားပေးခြင်း သော်လည်းကောင်း၊ အခွင့်အရေးပေးခြင်း သို့မဟုတ် ဘက်လိုက်ခြင်း သော်လည်းကောင်း၊ အကျိုးယုတ်စေခြင်းသော်လည်းကောင်း ဖြစ်ပေါ်နိုင်သည့်ဆောင်ရွက်မှု တစ်စုံတစ်ရာမပြုလုပ်ရ။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာ့ဆေးလောကတွင် ထင်ရှားသော ဆရာဇီဝက ခွဲစိတ်ကုသသော ပညာသည် ဗုဒ္ဓဘုရားရှိစဉ်ကပင်ရှိခဲ့သည် (အပိုင်း-၂)

ဒေါက်တာမောင်ဖြေ

သတ္တကာလ၊ သခ်ီရဟု၊ လောကထုံးတည်၊ ဘုံသုံးမည်တွင် "ကာယကံသက်၊ စပ်ရှက်မေထုန်၊ သောက်ပြုသွင်းမြို၊ ချက်ကိုသပ်ကျင်း၊ ဆင်မြင်းသံကြား၊ နံ့ရှုအားဖြင့်၊ ရှစ်ပါးဟူတုံ၊ ခုခုကြုံက၊ ဤလူ့ဘဝ၊ သန္တေရ၏"

"တေဇောစတု၊ ခြောက်မှုဝါယော၊ အာပေါဆယ့်နှစ်လီ၊ ပထဝီနှစ်ဆယ်၊ ခြင်းရာသွယ်၍၊ ဤလူ့ဘဝ၊ သန္တေရ၏"ဆိုသဖြင့် လူတို့သည်လည်း ဂမ္ဘသေယျက အမှီရ၍ ဤလူ့ဘဝသို့ ရောက်လာရပါ၏။

သတ္တလောက၌ လူအစရှိသော သတ္တဝါတို့သည် ရုပ်နာမ်နှစ်ပါးကို ပိုင်ဆိုင်လာပေ၏။ ရုပ်ကိုရသော ဤကိုယ်ကောင်သည် "ပိတ္တ၊ သေမှ၊ ဝါတ သန္နိပါတ်၊ မှတ်လေတစ်စု၊ ဥတုဝိသေမ၊ ဩပက္ကကမ္မ၊ ဤရှစ်ဖြာကြောင့်၊ ရောဂါ ဘယ၊ ဖြစ်တုံလတ်၏။

သည်းခြေကြောင့်၊ သလိပ်ကြောင့်၊ လေကြောင့်၊ (သည်းခြေ+သလိပ်+လေ)=သုံးပါးဆုံ သန္နိပါတ်ကြောင့် ဥတု ဖောက်ပြန်၊ အနေအထိုင်အချိုးမကျမှုကြောင့်၊ မိမိကိုယ်ကို မသေသေအောင် သေရည်သောက်စား ဘိန်းဖြူကဖော်သုံးခြင်းမှ ကမ္မဝိပါယဇ၌ ကုသိုလ်+အကုသိုလ်နှစ်ပါးပါဝင်သဖြင့် အကုသိုလ်များကြ၍ ကံကြောင့် ရောဂါဖြစ်သည်မှာကား များလှသည်။ "ဆေးစာ-ဟာရ ကုမပေးသွင်း၊ မရလျှင်တည်း" ဟု နရသုခိဆေးကျမ်းကဆိုသည်။

"ဗဟုဒုက္ခော၊ ဗဟုအာဒီနဝေါ၊ကုတိက္ကမသ္မိကာယေ၊ ဝိဝိဓာအာဗာဓာဥပ္ပဇ္ဇန္တိ"၊ ဗဟုဒုက္ခော= များစွာဆင်းရဲရ၏။ ဗဟုအာဒီနဝေါ=များစွာအပြစ်ရှိ၏။ ကုတိက္ကမသ္မိကာယေ-ဤခန္ဓာကိုယ်၌၊ ဝိဝိဓာ-အထူးထူးအပြားပြားသော၊ အာဗာဓာ=အနာရောဂါတို့သည်၊ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်လတ္တံ့ဟု သံယုတ်ပါဠိတော်ကဖွင့်ဆိုထားသည်။

မြန်မာ့ဆေးပညာသည် မြတ်စွာဘုရားရှင် ဟောကြားသော ဒေသနာများကို အခြေပြု၍ လူသားတိုင်း၏ ကျန်းမာရေး၊ အသက်ရှည်ရေးတို့ကို အကျိုးပြုခဲ့သည်။ သမားတော်ကြီး ဇီဝကသည် လောက၌ ဆေးဖက်မဝင်သော အပင်ဟူ၍ မရှိဟု ကျူးရင့်၍ ဆေးဖက်ဝင်အပင်များဖြင့် ဆေးကုသလာခြင်းဖြစ်သည်။

ကမ္ဘာအရပ်ရပ်တွင် လူတို့၏ နေထိုင်စားသောက်မှု ပြောင်းလဲလာသည်နှင့်အမျှ ရောဂါအသစ်အဆန်းများလည်း တိုးပွားဖြစ်ပေါ်လျက်ရှိသည်။ မြန်မာ့ဆေးကျမ်းများမှ ကုထုံးကုနည်းများဖြင့် အကျိုးဖြစ်ထွန်းခဲ့သည်။ရောဂါများသက်သာပျောက်ကင်းစေခဲ့သည်။ ကာကွယ်ပေးလျက်ရှိသည်။

မဟာဘူတရုပ် လေးပါးနှင့် စက္ခုသောတဃာန အစရှိသည့် ဥပါဒါရုပ် ၂၄ပါးတည်းဟူသော ရူပကာယ၌စွဲငြိကပ်ရောက်ရာ ၉၆ပါး အနာရောဂါဝေဒနာများ ဖြစ်လျက်ရှိသည်။ သံသရာတစ်လျှောက် အမြဲထာဝစဉ် နာကျင်ကိုက်ခဲ၊ ဖိစီးနှိပ်စက်လျက်ရှိသည်။

ဗျာဒိတရားတို့၏ မူလအရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ၊ နာမကာယတို့ကြောင့်ဖြစ်၏။ ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပေါ်လျက်ရှိသော အနာများကိုပါ အနုသယအငုတ်စင်အောင် သုတ်သင်ကုသချမ်းသာ သုခအစစ်အမှန်တို့ကို ရှင်းလင်းမြင်အောင် ကျန်းမာခြင်းအပေါင်းကို ပြည့်စုံနိုင်ကြစေရန် ရည်ရွယ်၍ ဆရာဇီဝကသည် ဆေးပညာသင်ယူရာ၏။

အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာထွန်းကားချိန်တွင် အာယုဗ္ဗေဒဆေးပညာသည်လည်း များစွာပင် တိုးတက်ထွန်းကားသည့်အခြေသို့ ရောက်နေပြီ။ ထိုခေတ်တွင် အထူးထင်ရှားသည့် အာယုဗ္ဗေဒဆရာကြီးဇီဝက အကြောင်းကို ဗုဒ္ဓပိဋကများမှာသာကမ ပြဟ္မဏစာပေများမှာပါ ချီးကျူးဖော်ပြထားပုံများကို လေ့လာကြရမည်။ ဆရာဇီဝကသည် မြန်မာ့တိုင်းရင်းဆေးပညာလောကတွင် ထင်ရှားကျော်ကြားသည့်သမားတော်ကြီး တစ်ဦးဖြစ်သည်။

ဆရာကြီးဇီဝကသည် မြန်မာနိုင်ငံအဖို့ အလွန်လူသိများပြီးဖြစ်သည်။ သို့သော် ယုံတမ်းများကို ပါရောနှော၍ သိနေတတ်ကြသည်။ ဆရာကြီးဇီဝကအကြောင်းကို အမှန်တကယ်သိကြစေရန် ခိုင်လုံသောကျမ်းကြီးများမှ ထုတ်နုတ်၍ ဖော်ပြလိုပေသည်။

ဆရာကြီးဇီဝက မွေးဖွားရာဌာနမှာ မာဂဓတိုင်း ရာဇဂြိုလ်မြို့တော်ဖြစ်သည်။ မဂဓ(ရာဇဂြိုဟ်ပြည်) ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ သားတော်ကြီးဖြစ်သော အဘယမင်းသားသည် ထင်ရှားသောသားတော်ကြီးတစ်ပါးဖြစ်သည်။ ဆရာဇီဝကသည် ထိုအဘယမင်းသား၏ မွေးစားသားဖြစ်နေသည်။

ဆရာဇီဝက၏ မိခင်မှာ သာလဝတီခေါ် ရာဇဂြိုဟ်ပြည်၏ အလှမယ် ပြည်တန်ဆာမလေးဖြစ်လေသည်။ တစ်ညပျော်ပါးလျှင် အသပြာတစ်ရာရသည်။ သာလဝတီ ပြည်တန်ဆာမလေးသည် ကိုယ်ဝန်ရှိ၍ လာသောအခါ လူများသိပါက လာဘ်လာဘနည်းပါးမည်ကို စိုးသောကြောင့် ပတ်ဝန်းကျင်လောကနှင့် အတွေ့မခံဘဲ နာဖျားဟန်ပြုနေလေသည်။ မိမိထံသို့ လာရောက်သူများကို နာဖျားနေသည်ဟု ပြောကြားစေသည်။ အချိန်တန်၍ သားကိုမွေးဖွားပြီးလျှင် ဆန်ကောတောင်းတွင်ထည့်ကာ တံမြက်ချေးစွန့်ရာအမှိုက်ပုံ၌ ပစ်ထားရန် စေခိုင်းလိုက်လေသည်။

အဘယမင်းသားသည် ခမည်းတော်ကို ခစားရန် ကြွလာစဉ် လမ်းတွင် ကျီးများဝိုင်းရံနေသည်မှာ မွေးကင်းစကလေးသူငယ်လေးဖြစ်ကြောင်း သိရလျှင် အသက်ရှင်၊ မရှင်ကိုသိရန်စုံစမ်းရာတွင် အသက်ရှင်သေးကြောင်း သိရလေလျှင် မိမိအိမ်တော်သို့ ဆောင်ယူကာ အထိန်းတော်များထံအပ်နှင်း၍ မွေးမြူစေရန် အမိန့်ချအပ်လေသည်။

"သက်ရှိသေး၏လော"ဟူ၍ မင်းသားက မေးမြန်းခဲ့သည်ကို အကြောင်းပြုကာ "ဇီဝက"ဟုခေါ်တွင်ကာ မြန်မာအမည် မောင်သက်ရှင်ဟု အမည်တွင်ခြင်းဖြစ်သည်။ မင်းသားဖြစ်သူက မွေးမြူစေအပ်သောကြောင့် "ကောမာရဘစ္စ"ဟုလည်း အမည်တစ်မျိုးတွင်လေသည်။ ဇီဝကသည် အရွယ်ရောက်၍ လူသားမြောက်သော အခါ အဘယမင်းသားထံ ချဉ်းကပ်၍ "အရှင်မင်းသား ကျွန်တော်မျိုး၏ အမိဘယ်သူပါနည်း၊ အဘ ဘယ်သူပါနည်း" ဟုမေးမြန်းရှာလေသည်။ ထိုအခါ အဘယမင်းသားက " အချင်းဇီဝက၊ သင်၏ အမိကိုငါလည်းမသိ၊ စင်စစ်အားဖြင့် ငါသည်ပင်သင်၏အဖေပေတည်း သင့်ကိုငါမွေးမြူခဲ့ပေသည်"ဟု ပြန်လည်၍ပြောဆိုလိုက်လေသည်။

**ဇီဝကဆေးပညာသင်ကြားခြင်း**

လူလင်ပျိုလေးဇီဝက၏ စိတ်၌"အတတ်ပညာမရှိဘဲ မင်းမျိုးတွေကိုမှီပြီး အသက်မွေးဖို့ရာ မလွယ်ကူကြောင်း တွေးမိလေရာ ဆေးအတတ်ကိုသင်ရလျှင် ကောင်းမှာပဲ" ဟု ဇီဝကအကြံရလေသည်။

ထိုခေတ်ထိုအခါက ကန္ဒရတိုင်း၊ တက္ကသိုလ်ပြည်ကြီးသည် အတတ်ပညာအမျိုးမျိုးတို့ကို သင်ကြားရာ ဗဟိုဌာနကြီးဖြစ်လေသည်။ အတိုင်းတိုင်း အပြည်ပြည်မှ မင်းညီမင်းသားများ၊ အမတ်သားများ၊ သူဌေးသား၊ သူကြွယ်သားများ၊ ဆင်းရဲသားများပါမကျန် ပညာသင်ရန် လာရောက်ရာ ဌာနကြီးဖြစ်လေသည်။ ယခုအခါ ပါကစ္စတန်နိုင်ငံ ရာဝလ်ပိဏ္ဍိခရိုင်အတွင်း၌ တက္ကဆီလာ(Taxilla)ဟူသော အမည်ဖြင့် ထိုတက္ကသိုလ် ပြည်ဟောင်းနေရာများကို အထင်အရှား တူးဖော်တွေ့ရှိကြသည်။

ယင်းတက္ကသိုလ်ပြည်၌ သင်ကြားပေးသည့် ပညာရပ်တို့တွင် ဆေးပညာလည်း အပါအဝင်ဖြစ်လေသည်။ လုလင်ပျိုလေး ဇီဝကသည် မိမိကျေးဇူးရှင် အဘယမင်းသားကို မပန်ကြားဘဲ ကုန်သည်လှည်းအုပ်စုကြီးနှင့် အတူ တက္ကသိုလ်ပြည်သို့ တိတ်တဆိတ်လိုက်ပါ၍ သွားခဲ့လေသည်။ တက္ကသိုလ်ပြည်သို့ ရောက်သောအခါ ဒိသာပါမောက္ခဆရာကြီးထံ ချဉ်းကပ်ကာ ဆေးပညာသင်ကြားပေးရန် တောင်းပန်ပြောဆိုသည်ဟု ဝိနည်းမဟာပါဠိတော်၌ ပြဆိုသည်။

အာယုဗ္ဗေဒသမိုင်းဆရာကြီး အတြိဒေဝက ထိုတက္ကသိုလ်၏ အာယုဗ္ဗေဒဆရာကြီးမှာ အာတြေရဖြစ်သည်ဟု အချို့ဆရာကြီးများက ယူဆကြောင်းပြဆိုထားလေသည်။ ပါမောက္ခကြီးကလည်း ဇီဝက၏ တောင်းပန်ချက်ကို လိုက်လျောကာခွင့်ပြုလိုက်လေသည်။ ဇီဝကလည်း ဆေးပညာနှင့်စပ်လျဉ်းသည့် ဘာသာရပ်တို့ကိုများပြားစွာလည်း သင်ကြားသည်။ လျင်မြန်စွာလည်း တတ်မြောက်သည်။ ကောင်းမွန်စွာလည်း ဆင်ခြင်စူးစမ်းသည်။ သင်ပြီးသမျှလည်း မေ့ပျောက်သွားသည်မရှိ။ ခုနစ်နှစ်မြောက်ရောက်သောအခါ "ဆေးပညာကို ခုနစ်နှစ်လုံးလုံး ကြိုးစားပမ်းစား သင်ကြားခဲ့သော်လည်း အဆုံးမထင်ဖြစ်နေပါပေါ့လား၊ ဘယ်အခါများမှ ဆေးအတတ်ရဲ့ ဆုံးခန်းတိုင်အပြီးတိုင် ရောက်မလဲ မသိပါကလားနော်"ဟု တွေးတောမိတော့သည်။

**ဆေးဖက်မဝင်သော အပင်မတွေ့ခြင်း**

လုလင်ငယ်ဇီဝကသည် ပါမောက္ခကြီးထံသို့ ချဉ်းကပ်ကာ "ဆရာကြီးခင်ဗျာ၊ ကျွန်တော် ခုနစ်နှစ်တိုင်တိုင် ကြိုးကြိုးကုတ်ကုတ် သင်ကြားခဲ့သော်လည်း ဆေးပညာအတတ်ရဲ့ အဆုံးအစကို မသိဖြစ်နေပါတယ်။ ဘယ်သောအခါများမှ သင်ယူပြီးဆုံးပါမလဲ ဆရာကြီးခင်ဗျား"ဟု မေးမြန်းလေသည်။ ပါမောက္ခကြီးက "အမောင်ဇီဝက တူရွင်းတစ်ချောင်းကိုယူကာ ငါတို့တက္ကသိုလ်မြို့တော်ကြီး၏ အနီးပတ်ဝန်းကျင်တစ်ယူဇနာအရပ်ကို လှည့်လည်ပြီး ဆေးဖက်မဝင်တဲ့ သစ်ပင်တစ်ပင်ကို ကြည့်ရှုရှာဖွေပါ။ အဲသလိုရှာဖွေလို့ ရတဲ့သစ်ပင်ကို ဆရာကြီးဆီယူခဲ့ပါ"ဟု စေခိုင်းလိုက်သည်။

ဇီဝကလည်း "ကောင်းပါပြီ ဆရာကြီးခင်ဗျာ"ဟု ဝန်ခံကာ ဆေးဖက်မဝင်သည့် သစ်ပင်တစ်ခုခုကို ရှာဖွေလေသည်။ သို့သော် သစ်တစ်ပင်တစ်လေကိုမျှ မတွေ့ရချေ။ ဇီဝကသည် မိမိဆရာကြီးထံသို့ ပြန်လာကာ ဆေးဖက်မဝင်သည့် အပင်တစ်ပင်ကိုမျှ မတွေ့ရကြောင်း ပြန်ကြားပြောဆိုလေသည်။

ပါမောက္ခဆရာကြီးက "အမောင်ဇီဝက သင်ဟာဆေးပညာကို တကယ်ပင် ကောင်းကောင်းမွန်မွန် ထိထိရောက်ရောက် သင်ကြားတတ်မြောက်ခဲ့ပေပြီ။ သင့်အတွက် သင်ပြီးသမျှ အတတ်ပညာဟာ အသက်မွေးဖို့စွမ်းနိုင်ပြီ၊ လုံလောက်ပြီ"ဟု ပြောဆိုကာ နေရပ်သို့ ပြန်ရန် ရိက္ခာအနည်းငယ်ပေးကာ ပြန်စေတော့သည်။ ဇီဝကသည် ဆရာကြီးထံမှ ရိက္ခာလေးအနည်းငယ်မျှကိုယူကာ ရာဇဂြိုဟ်ပြည်သို့ ပြန်လာခဲ့လေသည်။

ဆရာကြီးကပေးလိုက်သည့် ရိက္ခာလေးသည် မဇ္ဈိမဒေသ သာကေတမြို့သို့ ရောက်သောအခါ ကုန်ခန်း၍ သွားလေတော့သည်။ သာကေတမြို့ဆိုသည်မှာ ယခုအခါ အိန္ဒိယနိုင်ငံတွင် 'အယိဒျား'ဟူသော အမည်ဖြင့် ထင်ရှားသော မြို့ကြီးတစ်ဝိုက်ပင်ဖြစ်လေသည်။ ဆရာဇီဝက၏ စိတ်၌ 'ရှေ့သို့ဆက်လက်၍ ငါသွားရဦးမည့် ခရီးအတွက် ရေလည်းလုံလောက်အောင်မရှိ ရိက္ခာမပါဘဲ ခရီးဆက်လက်သွားဖို့ရန် အရေးကားခက်ခဲလှပေသည်။ ထို့ကြောင့် ရိက္ခာရှာရလျှင် ကောင်းမှာပဲ'ဟု စိတ်ကူးမိလေသည်။

ထိုအချိန်တွင် သာကေတမြို့ရှိ သူဌေးကတော် တစ်ဦးသည်လည်း ခေါင်းကိုက်ရောဂါကြောင့် အကြီးအကျယ် ဆင်းရဲခံစားနေရရှာလေသည်။ ခုနစ်နှစ်တိုင်တိုင် ပါရဂူရောက်တတ်မြောက်သည့် သမားတော်ကြီးအသီးသီးတို့နှင့် ကုသခဲ့သော်လည်း ရောဂါမပျောက်ခဲ့ချေ။

ခုနစ်နှစ်တိုင်တိုင် ခံစားခဲ့ရသော ခေါင်းကိုက်ရောဂါဝေဒနာသည်လည်း တစ်ကြိမ်ကလေးနှာနှပ်ရုံလောက်နှင့် ရှင်းရှင်းကြီးပျောက်သွားလေတော့သည်။

ရောဂါပျောက်ကင်းပြီးနောက် သူဌေးကတော်ကြီးသည် ဆရာဇီဝကအား ငွေအသပြာ လေးထောင်မျှရက်ရောစွာပေးလေသည်။ သူဌေးကတော်ကြီး၏သားနှင့် သူဌေးကြီးကလည်း အသပြာလေးထောင်စီ ပေးကြ၏။ ကျွန်ယောကျ်ား ကျွန်မိန်းမနှင့် မြင်းရထားတို့ကိုလည်း ယူဆောင်ကာ မိမိဇာတိ ရာဇဂြိုဟ်ပြည်သို့ ပြန်လေသည်။

ရာဇဂြိုဟ်ပြည်သို့ရောက်သောအခါ မိမိ၏မွေးကျေးဇူးရှင် အဘယမင်းသားထံ ချဉ်းကပ်ကာ 'အရှင်မင်းသား အကျွန်ုပ်အဖို့ အဦးဆုံးကုသလို့ရတဲ့ ဒီငွေ၊ ဒီပစ္စည်း၊ ဒီအခြွေအရံတွေကို အကျွန်ုပ်အား ကျွေးမွေးပြုစုခဲ့တဲ့ ကျေးဇူးအတွက် ကျေးဇူးဆပ်ပါရစေ ခံယူတော်မူပါ' ဟု တောင်းပန်ပြောဆိုလေသည်။

အဘယမင်းသားက "ရှိပါစေဇီဝက၊ သင့်အတွက်သာ ထားပါ။ သင်လည်း ငါ့အိမ်တော်ဝင်းအတွင်းမှာပင် နေအိမ်ဆောက်ပြီးနေပါ"ဟု ပြောဆိုလေသည်။ ဇီဝကလည်း အဘယမင်းသား၏ ညွှန်ကြားချက်အတိုင်း နေအိမ်ဆောက်၍ နေလေသည်။

ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရမင်းကြီး၌ "ဘဂန္ဒလ" ခေါ်သွေးလာရောဂါဖြစ်နေလေသည်။ ဝတ်လဲတော်များ၌ သွေးများပေကျံသဖြင့် မြင်မကောင်းအောင် ရှိနေတတ်လေသည်။ ထိုအချင်းအရာကိုမြင်ရသော မိဖုရားများက ပျက်ရယ်ပြုကြလေသည်။ မင်းကြီးသည် ရှက်စနိုးနှင့် မျက်နှာမသာဖြစ်ရရှာလေသည်။

အဘယမင်းသားက "အရှင်မင်းကြီး ဇီဝကခေါ် ကျွန်တော်မျိုးများရဲ့ ဆေးဆရာဟာ အရှင်မင်းကြီးရဲ့ ရောဂါကို ကုသနိုင်ပါလိမ့်မယ်"ဟု လျှောက်တင်လေသည်။ မင်းကြီးကလည်း သဘောတူကာ မိမိထံစေလွှတ်ရန် မိန့်တော်မူလိုက်လေသည်။ ဇီဝကသည် အဘယမင်းသား၏ ညွှန်ကြားချက်အတိုင်း ဗိမ္ဗိသာရမင်းကြီးထံ ဝင်ရောက်ခဲ့ကာ လက်သည်းဖြင့် ဆေးကိုကပ်၍ယူ၍ မင်းကြီး၏အနာကို ကြည့်ရှုစစ်ဆေးပြီး နောက်ဆေးလိမ်း၍ပေးလေသည်။ တစ်ကြိမ်တည်း လိမ်းရုံမျှနှင့် ရောဂါပျောက်ကင်း၍ သွားလေသည်။

မင်းကြီး၏ရောဂါသည် "ဘဂန္ဒလာ"သက္ကတဘာသာ၌လည်း "ဘဂန္ဒရ"ဟု သုံးသည်။ "ဂရင်ဂျီနာ"ဟု ဘာသာပြန်ကြသည်။ အင်္ဂလိပ်ဘာသာ (Anal fissuress) ဟု ခေါ်သည်။ "ဂုဒဒွါယ ဂုလေခေတ္တ"ဟူသော အဋ္ဌန နိဒါန်းအရ ကျင်ကြီးပေါက်၏ လက်နှစ်လုံးပတ်ဝန်းကျင်၌ ဖြစ်တတ်သောရောဂါဟု မှတ်ယူဖွယ်ရှိသည်။ "သတပေါနက"စသောအားဖြင့် ဘဂန္ဒြရ်နာ ငါးမျိုးရှိသည်။မြင်းသရိုက်ရောဂါများကိုမူ "အရိသ"ဟု ခေါ်သည်။ ယင်းတို့တွင် အတွင်းမြင်းသရိုက်ကို "သွေးဒူလာ"ဟု ခေါ်လေ့ရှိကြသည်။

မင်းကြီးသည် အားရဝမ်းသာဖြစ်ကာ ကျေးဇူးဆပ်လိုသဖြင့် မောင်းမငါးရာတို့အား ဝတ်စားတန်ဆာအပြည့်အစုံ ဆင်ယင်စေပြီးနောက် တစ်ဖန်ချွတ်စေလျက် စုပုံစေပြီးလျှင် ဇီဝကအားပေးလေသည်။ သို့သော် ဇီဝကက လက်မခံဘဲ "အရှင်မင်းကြီး ကျွန်တော်မျိုးအလိုမရှိပါ။ ကျွန်တော်မျိုး၏ ကျေးဇူးကိုသာ အောက်မေ့တော်မူစေချင်ပါသည်"ဟု လျှောက်ထားလေသည်။ မင်းကြီးက "အချင်းဇီဝက၊ သို့ဖြစ်လျှင် ငါကိုယ်တော်အရှင်မြတ်ကို လည်းကောင်း၊ ငါ၏ မောင်းမအပေါင်းကိုလည်းကောင်း၊ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များကိုလည်းကောင်း ပြုစုလေလော့"ဟု မိန့်တော်မူလေသည်။ ဆရာဇီဝကလည်း ထိုအချိန်ကစ၍ ဘုရင့်သမားတော်ကြီး ဖြစ်လေတော့သည်။ သံဃာ့သမားတော်ကြီး (သံဃုပဋ္ဌာက)လည်း ဖြစ်လေတော့သည်။

**ခွဲစိတ်ကုသခြင်းများ**

ဆရာဇီဝကသည် ရာဇဂြိုဟ်ပြည်နေ သူဌေးတစ်ဦး အကြီးအကျယ် ခေါင်းကိုက်နာဖြစ်သည်ကိုလည်း ပျောက်ကင်းအောင်ကုသ၍ပေးလေသည်။ ထိုသူဌေးကြီးကို ဆရာဇီဝကမကုမီ ဆရာကြီး၊ သမားကြီးအားလုံးက လက်လွှတ်ကာ မကြာမီရက်ပိုင်းအတွင်း သေလိမ့်မည်ဟု ဟောကိန်းထုတ်ထားခဲ့ကြလေသည်။ ဆရာဇီဝကသည် သူဌေးလူနာအား ခုတင်ပေါ်တွင်အိပ်စေကာ မြဲမြံစွာတုပ်နှောင်ဖွဲ့ချည်ပြီးမှ ဦးခေါင်းရေကိုခွာသည်။ ဦးဆက်ကိုဖွင့်သည်။ ဦးနှောက်ကိုစားနေသည့် ပိုးများကို ထုတ်ယူသည်။ ခေါင်းကိုက်ရောဂါသည် ရက်သတ္တသုံးပတ်အတွင်း လုံးဝပျောက်ကင်းသွားလေသည်။

သူဌေးကြီးက "မိမိပိုင်သမျှဥစ္စာ မှန်လျှင် ဆရာဇီဝက၏ ဥစ္စာဖြစ်ပါစေတော့၊ မိမိကိုယ်တိုင်လည်း ဆရာဇီဝက၏ ကျွန်ခံပါရစေတော့"ဟု ပြောဆိုလေသည်။ သို့သော် ဇီဝကက လက်မခံ၊ မင်းကြီးအတွက် အသပြာတစ်သိန်း၊ မိမိအတွက် အသပြာတစ်သိန်းပေးရန်လောက်ကိုသာ တောင်းယူခဲ့လေသည်။

တစ်ခါ၌လည်း ဗာရာဏသီပြည်နေ သူဌေးသားတစ်ဦးသည် ကျွမ်းထိုး၍ကစားရာမှ အူထုံးသည့်ရောဂါဖြစ်ပေါ်ခဲ့လေသည်။ ယာဂုသောက်လျှင်လည်း မကြေကျက်၊ ထမင်းစားလျှင်လည်း မကြေကျက်၊ ကျင်ကြီးကျင်ငယ်သွားလျှင်လည်း မဖြောင့်၊ ပိန်ချုံးချည့်နဲ့ကာ ရုပ်ပျက်ဆင်းပျက်ဖြစ်၍လာလေသည်။ သူဌေးကြီးသည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးထံသွားရောက်ကာ ထိုအကြောင်းကိုလျှောက်ထားပြီးလျှင် ဆရာဇီဝကကို လွှတ်ပေးပါရန် တောင်းပန်လေသည်။

ဆရာဇီဝကလည်း သွားရောက်ကုသလေရာ သူဌေးသားအား ကန့်လန့်ကာအတွင်းရှိတိုင်၌ ချည်နှောင်ကာ သူဌေးသား၏ဇနီး တစ်ဦးတည်းကိုသာ ရှေ့တည့်တည့်က နေစေပြီးလျှင် ဝမ်းရေကိုခွာကာ အူအထုံးကိုထုတ်ပြသည်။ အူ အထုံးများကိုဖြေကာ နေသားတကျဖြစ်အောင် ပြုပြီးမှ ပြန်၍သွင်းလေသည်။ ဝမ်းရေကိုလည်း ပြန်ချုပ်ကာ လိမ်းဆေးလိမ်း၍ပေးလေသည်။ မကြာမီအတွင်း ရောဂါပျောက်ကင်း၍ သွားလေသည်။ သူဌေးကြီးက ဆရာဇီဝကအား အသပြာပေါင်း တစ်သောင်းခြောက်ထောင် ပေးလိုက်လေသည်။ ဤအချက်ကိုထောက်လျှင် ခွဲစိတ်ကုသမှု အတတ်ပညာသည် ထိုအခါကပင် အဘယ်မျှ အောင်မြင်နေပြီဖြစ်ကြောင်း သိသာလှပေသည်။

**ပုဂ္ဂိုလ်အလျောက် ဆေးပေးနည်း**

တစ်ခါတစ်ပါး ဘုရားရှင်သည် သွေးလေပိတ်ဆို့ဒေါသထူပြောသောရောဂါဖြစ်သဖြင့် ဆရာဇီဝက ထူးခြားသည့် အစီအမံများဖြင့် ဝမ်းလျှောအောင်ပြုလုပ်ခဲ့လေသည်။ ပြုလုပ်ပုံမှာ ကြာပွင့်သုံးခိုင်တို့ကို အထူးထူးသော ဆေးတို့ဖြင့်ထုံ၍ ရှူတော်မူရန်ဆက်ကပ်လေသည်။ တစ်ပွင့်ကိုရှူလျှင် ဆယ်ကြိမ်ဝမ်းသွားမည်ဖြစ်လေရာ အကြိမ်သုံးဆယ်သွားရန် ယင်းသို့လျှုဒါန်းခြင်းဖြစ်လေသည်။ ဤအချက်ကိုထောက်လျှင်လည်း ထိုခေတ် ထိုအခါက ပုဂ္ဂိုလ်အလျောက် အဘယ်မျှသိမ်သိမ်မွေ့မွေ့ကုသနည်း၊ ဆေးပေးနည်းများရှိနေမည်ဖြစ်ကြောင်း ထင်ရှားလေသည်။ ဗုဒ္ဓပိဋကများ၌သာမက ပြဟ္မဏစာပေများမှာပါ ချီးကျူးဖော်ပြထားသော အာယုဗ္ဗေဒဆရာ ဇီဝကအကြောင်းအချို့အား ချီးကျူးဖော်ပြပါ၏။

## မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ မီးရထားဝင်းနေ
ဦးလှရှိန်(အငယ်တန်းအင်ဂျင်နီယာ(၁)၊ မြန်မာ့မီးရထား)-ဒေါ်ခင်မြင့်တို့၏သား
ဗိုလ်တင်အောင်ကို
B.E (Civil) (Transporation) D.S.T.A (16.Intake)
နှင့်
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းဝန်ထမ်းအိမ်ရာ၊ တိုက်(၅)၊ ၁၀၁ နေ
ဦးသိန်းဇော်-ဒေါက်တာကျင်ကျင်ဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်/ဆည်) တို့၏သမီး
မမြတ်သီတာဇော်
B.A (English, Dip: in ELT, M.A (Eng)YU
Tutor(Department of English), YUDE

တို့၏ ၂-၁-၂၀၁၆ ရက်တွင် ရန်ကုန်မြို့၊ Panda Hotel တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဆည်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကြီးသူရသက်ဆွေ(ငြိမ်း)နှင့်ဇနီး ဒေါက်တာဒေါ်ဝေမာမာထွန်း(လ/ထ အတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာန)၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဦးရဲလွင် (Tour Consultant and Senior Tour Guide, German)နှင့်ဇနီး ဒေါက်တာခင်အေးအေး (Pro Rector, Yangon University of Distance Education) တို့အားလည်းကောင်း၊ မင်္ဂလာဆည်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးခိုင်မြဲသာ၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဒေါ်စိမ်းလဲ့လဲ့နှင့်စောင်းအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မမိုးပြည့်စုံသန့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မသဥ္ဇာရွှန်းလဲ့ရည်၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မမေမွန်အောင်၊ မိတ်ကပ်ဆံပင် အလှပြင်ဆင်ပေးပါသော မေဦးမောင်(တော်ဝင်သူ)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများ ဖန်တီးစီစဉ်ပေးပါသော သီတဂူ(သစ်ခွခြံ)၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးသော နဒီဦး၊ Pre - wedding Memory Studio ဓာတ်ပုံများနှင့် မင်္ဂလာပွဲဓာတ်ပုံ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော ဇောင်းဓာတ်ပုံနှင့်ဗီဒီယိုအဖွဲ့၊ မင်္ဂလာပွဲကြီးဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်တင်အောင်ကို-မမြတ်သီတာဇော်

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ
(ဦးခိုင်ထွန်း) (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ သမဝါယမဦးစီးဌာန)-ဒေါ်ခင်ဝင်း
(ဦးစီးအရာရှိ-ငြိမ်း၊ သမဝါယမဦးစီးဌာန)တို့၏သား
မောင်ကျော်ခိုင်ဝင်း (CD. 27/CE.25 IMT)
Chief Officer (F.G)
Seacrown Marine Services Co.,Ltd.
နှင့်
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ
ဦးအေးကို - ဒေါ်လှနွဲ့တို့၏သမီး
မယမင်းလှိုင် B.Sc (Zoology)

တို့သည် ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီးတိုင်းတရားရုံး၌ ထိမ်းမြားမင်္ဂလာ ကတိသစ္စာပြုဆိုပြီး ၁၀-၁-၂၀၁၆(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ မင်းကွန်းတိပိဋကကျောင်းတော်ကြီး၊ ငွေရတုခန်းမ၌ နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ခိုင်ဝင်း-မယမင်းလှိုင်

09-420073607
09-73211079
09-49250637
Car Rental, Sale & Services
ခရီးစဉ် တချီးချီး တရက်နှင့်ငှားနှင့် ...
လချုပ်/နှစ်ချုပ် ဖြင့်
ရောင်း/ဝယ်/ငှားရန် ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

၂၀၁၆ အငြိမ်းတန်းတိုင်းဒေသကြီး / ပြည်နယ်စစ်စာမေးပွဲဖြေဆိုမည့်
ကျောင်းသူ/သားများအတွက်
Conquest Education အောင်မြင်မှုပညာရေးစာပေမှ
ဆရာမ ဒေါ်ခင်နုကိုယ်တိုင် ရေးသားပြုစုထုတ်ဝေသော
Grade 9 အင်္ဂလိပ်စာ
Exam Special Guide
"စာမေးပွဲ လက်စွဲ"
Exam Special Guide
အမြို့မြို့ ဆိုင်တိုင်းမှာ မေးဝယ်နိုင်ပါသည်။
ဖြန့်ချိရေး- ၀၉ ၅၁၀၄၉၅၇၊ ၀၉၄၄၈၀၁၈၇၂၀။

Miba MYANMAR INTERNATIONAL BUSINESS ACADEMY
IQN,(UK) Diploma များကို ရှင်းလင်းမိတ်ဆက်ခြင်း
Free Preview Session
IQN International Qualifications Network

U.K. အစိုးရ အသိအမှတ်ပြု IQN(International Qualifications Network) နှင့် SQA တို့မှ တိုက်ရိုက်ချီးမြှင့်မည့် Diploma သင်တန်းများ

- Diploma in Human Resource Management(IQN, UK)
- Diploma in Marketing (IQN, UK)
- Diploma in Supply Chain Management (IQN, UK)
- Diploma in Strategic Management (IQN, UK)
- Diploma in Hospitality Management (IQN, UK)
- Diploma in Banking & Finance (West Cheshire College, UK)
- Certified Finance Specialist (IQN, UK)
- Certified Project Management Analyst (IQN, UK)

Date : 17.1.2016 (Sunday)
Time : 10:00 PM to 12:00 PM
Place : Myanmar International Business Academy (MIBA) No.(249), 7th Floor, Bargayar Road, Myay Ni Gone, Sanchaung Township Yangon, Myanmar
Email : mibaschool.mm@gmail.com

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းပါရန်။

အထူးအစီအစဉ်။ 15.1.2016 (Friday) တွင် သင်တန်းအပ်နှံသူများအတွက် 380,000 တန် သင်တန်းကြေးရှိသော Diploma in Strategic Management (IQN, UK) (5) လ သင်တန်းကို အခမဲ့တက်ရောက်ခွင့်ရှိပါသည်။
:09-420100712
09-252228889
09-964785999

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

"ငှားမည်"
ကမာရွတ်၊ ဘုရင့်နောင်လမ်းမ
ရွှေစံပယ်ရိပ်မွန်၊ မြေညီတိုက်ခန်းကျယ်၊
(Master 1, Single 2, Aircon 4)
ဖုန်း-၀၉-၇၉၁၀၀၇၉၃၄

ဒဂုံမြို့သစ်
...
09 - 6809893
09 - 5120620

Forever Gems by ရွှေနန်းတော်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၄)ဆိုင်၏
နှစ်သစ်အကြို အထူးကံစမ်းမဲဖွင့်ပွဲကြီး
၁၇-၁-၂၀၁၆၊ ညနေ(၄)နာရီ
Myanmar Plaza (Near Sedona Hotel)

ဖျော်ဖြေရေးအစီအစဉ် (၁၆-၁-၂၀၁၆ နှင့် ၁၇-၁-၂၀၁၆)
TRI FAMILY Violin music Performance
World Class Fashion Show By Miss Forever Gems
Dancing with games activities
Myanmar Plaza ရှိ Forever Gems By ရွှေနန်းတော် အတွက်သာ
5% to 25%off
ရွှေ (၁၀)ကျပ်သား (၁) ဆု ၊ ရွှေ (၇)ကျပ်သား (၁) ဆု၊ ရွှေ (၅)ကျပ်သား (၁) ဆု ၊
ရွှေ (၃)ကျပ်သား (၂) ဆု၊ ရွှေ (၂)ကျပ်သား (၂) ဆု ၊ ရွှေ (၁)ကျပ်သား (၃) ဆု

GRAND LUCKY DRAW PROGRAM
MAZDA3
Brand New ကား (၂) စီး



၅ကျပ်သား ရွှေဆွဲကြိုး (၄)ကုံး ၊ iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး ၊ ipad (၁၅)လုံး
Customers အတွက် Silver Card/Gold Card/Diamond Card အကျိုးခံစားခွင့်

ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
၅.၁၀.၂၀၁၅ မှ ၁၇.၁.၂၀၁၆ ထိ

## ကြော်ငြာ


**NEW MOTION** Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ခန့်ညားသစ်လွင် ခရီးစဉ်

☆ အလောင်းတော်ကဿပခရီးစဉ်(မုံရွာ၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မန္တလေး) - Jan 29, Feb 11

☆ မန္တလေးခရီးစဉ် (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား) - Jan 29, Feb 11

☆ တောင်ကြီးခရီးစဉ် (တောင်ကြီး ၊ အင်းလေး၊ ပင်းတယ၊ ကလော) - Jan 29, Feb 11

☆ ပုဂံခရီးစဉ် (ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ မဇ္ဈိမ) - Jan 29, Feb 11

☆ ပုဂံ-ရွှေစက်တော်ခရီးစဉ် ( မင်းဘူး၊ ရွှေစက်တော်၊ မကွေး၊ ပုဂံ၊ ပုပ္ပါး) - Feb 11

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09 492 529 11, 09 492 529 22, 09 731 489 22



## အိမ်ခြံမြေ ဝန်ဆောင်မှုသင်တန်း

သင်တန်းသားများခေါ်ယူခြင်း။

- ဘွဲ့တစ်ခုရပြီးသူများ၊ သင်တန်းတက်ပြီးလျှင် အိမ်၊ခြံ၊မြေဝန်ဆောင်မှု လုပ်ငန်းခွင်သို့ဝင်ရောက်လုပ်ကိုင်လိုသူများ။
- အသက်(၂၀)မှ(၃၀)အတွင်း။ (ကျား၊မ)။
- သင်တန်းကာလ(၇)ရက်။သင်တန်းချိန် (၄:၀၀–၆:၀၀)*pm -Daily*။(ပျက်ခွင့်မရှိ။)
- ထူးချွန်သူများအားကုမ္ပဏီတွင်အလုပ်ခန့်ထားပေးမည်။
- အခြေခံလစာ ၁၀၀,၀၀၀/ ++(အစမ်းခန့်ကာလအတွက်)
